www.burmeseclassic.com

# ယာဉ်မောင်းသူများ

# ယာဉ်စည်းကမ်းလမ်းစည်းကမ်း

## အမေးအဖြေ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ယာဉ်မောင်းကောင်းတစ်ယောက်၏အရည်အချင်း | ၁ |
| ၂။ | ယာဉ်မောင်းနှင်ခြင်းမပြုမီစစ်ဆေးရမည့်အချက်နှင့်စထွက်ခြင်း | ၅ |
| ၃။ | အဝေးပြေးလမ်း/အမြန်လမ်း | ၉ |
| ၄။ | ရာသီဥတု/ မြင်ကွင်းအခြေအနေ | ၁၀ |
| ၅။ | မီးပွိုင့်နှင့်လမ်းဆုံတွင်လိုက်နာရမည့်အချက်များ | ၁၃ |
| ၆။ | မှိုင်နွမ်း/အရှိန် | ၁၅ |
| ၇။ | ရပ်ခြင်း၊ ရပ်ဆိုင်း၊ ရပ်နားခြင်းဆိုင်ရာလိုက်နာရမည့်အချက်များ | ၁၆ |
| ၈။ | အခြားယာဉ်၏နောက်မှ/ရှေ့မှလိုက်ခြင်း | ၁၉ |
| ၉။ | မျက်နှာချင်းဆိုင်ယာဉ်နှင့်တိမ်းရှောင်ခြင်း | ၂၀ |
| ၁၀။ | မညီညာသောလမ်း/ရေလွှမ်းသောလမ်း/စိုစွတ်သောလမ်းတွင်မောင်းနှင်ခြင်း | ၂၁ |
| ၁၁။ | ဘီး/တာယာ | ၂၄ |
| ၁၂။ | မတော်တဆမှု | ၂၅ |
| ၁၃။ | အချက်ပြခြင်း/ဟွန်းတီးခြင်း/မီးအသုံးပြုခြင်း | ၂၆ |
| ၁၄။ | အပူချိန်လွန်ကဲခြင်း | ၂၉ |
| ၁၅။ | ဦးစားပေးခြင်း | ၃၀ |
| ၁၆။ | ကုန်းဆင်း/တက်၊ တောင်တက်/ဆင်းလမ်း | ၃၀ |
| ၁၇။ | ဂီယာအသုံးပြုခြင်း | ၃၄ |
| ၁၈။ | လီဗာအသုံးပြုခြင်း | ၃၆ |
| ၁၉။ | စတီယာရင်အသုံးပြုခြင်း | ၃၇ |
| ၂၀။ | လေကာမှန်/နောက်ကြည့်မှန်/နေကာ | ၃၈ |
| ၂၁။ | ကလပ်နင်းခြင်း | ၃၈ |
| ၂၂။ | ဘရိတ်အသုံးပြုခြင်း | ၃၉ |
| ၂၃။ | ကျော်တက်ရာတွင် သတိပြုရမည့်အချက်များ | ၄၁ |
| ၂၄။ | ယာဉ်ကွေ့ရာတွင်သတိပြုရမည့်အချက်များ | ၄၃ |
| ၂၅။ | နောက်ဆုတ်ရာတွင်သတိပြုမည့်အချက်များ | ၄၇ |
| ၂၆။ | လူကူးမျဉ်းကြား/လမ်းအသုံးပြုသူများ | ၄၉ |
| ၂၇။ | ဖြတ်သန်းခြင်း | ၅၁ |
| ၂၈။ | ယာဉ်ကြောအတိုင်းမောင်းခြင်း/ပြောင်းခြင်း | ၅၁ |
| ၂၉။ | လမ်းညွှန်းများနှင့်လမ်းအမှတ်အသားများ | ၅၉ |


www.burmeseclassic.com

www.burmeseclassic.com

(ခ) ယာဉ်မောင်းကောင်းတစ်ယောက်၏အရည်အချင်းများ

**၁။ ယာဉ်မောင်းကောင်းတစ်ယောက်ဆိုသည်မှာ–** **အဖြေ(ခ)**

(က) ယာဉ်ကိုကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်သည်။

(ခ) ဘေးအန္တရာယ်မဖြစ်အောင် ယာဉ်ကိုမောင်းနှင်နိုင်သူ ဖြစ်သည်။

(ဂ) ယာဉ်မောင်းခြင်းအတတ်ပညာကို သင်ကြားပြသပေးနိုင်သူဖြစ်သည်။

**၂။ လောင်စာဆီထည့်နေစဉ်တွင်–** **အဖြေ(ခ)**

(က) စက်နိုး၍ ရပ်ထားနိုင်သည်။

(ခ) မီးပိတ်၍ စက်သတ်ထားရမည်။ လက်ကိုင်ဖုန်းမပြောရ။

(ဂ) ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါလာသူများအားလုံး အောက်သို့ဆင်းပေးရမည်။

**၃။ လမ်းပေါ်တွင် ယာဉ်ပျက်စီးချို့ယွင်းပါက–** **အဖြေ(ခ)**

BURMESE CLASSIC

(က) ယာဉ်ပြင်မည့်သူများ အမြန်ဆုံးခေါ်ယူပြင်ဆင်ရမည်။

(ခ) အခြားယာဉ်များအသွားအလာ ကင်းလွတ်သည့်လမ်းဘေးသို့ရွှေ့ကာ ပြင်ဆင်ပြီး နောက်လမ်းဘေးမှ အမြန်ဆုံးဖယ်ရှားရမည်။

(ဂ) လမ်းဘေးသို့ ရွှေ့ပြီးနောက် ယာဉ်ကိုပြင်ဆင်နိုင်သည်။

**၄။ ယာဉ်မောင်းခြင်းကို ဆိုးရွားစွာထိခိုက်စေသော စိတ်ခံစားမှုသည် .... ဖြစ်သည်။**

(က) စိတ်ဓါတ်ကျမှု၊ (ခ) ဒေါသဖြစ်မှု၊ (ဂ) ပျော်ရွှင်မှု၊ **အဖြေ(ခ)**

**၅။ ယာဉ်မောင်းတစ်ယောက်သည် မည်သည့်အချိန်တွင် ထိုင်ခုံခါးပတ် ပတ်သင့်သနည်း။**

(က) မှန်များကိုချိန်ညှိပြီးနောက်၊ **အဖြေ(ဂ)**

(ခ) ယာဉ်ထဲသို့ဝင်ပြီးနောက်ချက်ချင်း၊

(ဂ) ယာဉ်မောင်းသူသည် ထိုင်ခုံအနေအထားချိန်ညှိပြီးနောက်၊

**၆။ ယာဉ်ကြောင့်တိရစ္ဆာန် ထိတ်လန့်မည်စိုးရိမ်၍ တိရစ္ဆာန်ကို ထိန်းကျောင်း သူကရပ်ရန် မေတ္တာရပ်ခံလျှင်–** **အဖြေ(ခ)**

(က) ယာဉ်ကို ဖြည်းဖြည်းဆက်မောင်းရမည်။

(ခ) ယာဉ်ကို ရပ်ပေးရမည်။

(ဂ) တိရစ္ဆာန်များလမ်းပေါ်တွင် တက်နေခြင်းဖြစ်၍ မိမိမှန်နေသဖြင့် ဆက်မောင်းနိုင်သည်။

**၇။ ယာဉ်မောင်းရာတွင် အရက်ကဲ့သို့ပင် ဆိုးရွားစွာ အကျိုးသက်ရောက် စေသည့် အရာမှာမည်သည်နည်း။** **အဖြေ(က)**

(က) မူးယစ်ဆေးနှင့် အချို့သောဆေးဝါးများ၊ (ခ)စပျစ်ဝိုင်၊

(ဂ) အရက်စိမ်ထားသော အစားအစာများ၊

www.burmeseclassic.com

www.burmeseclassic.com

၈။ လမ်းပေါ်မှာဖြစ်ပွားသော ဒေါသဖြစ်ရသည့်အကြောင်းများသည် အောက်ပါအကြောင်း တစ်ခုခုကြောင့် စတင်ဖြစ်ပွားသည်- အဖြေ(က)

(က) သာမန်ဖြစ်ရပ်လေးတစ်ခု၊ (ခ) အကြီးစားထိခိုက်မှု၊

(ဂ) စိုစွတ်သောရာသီဥတုအခြေအနေ၊

၉။ ယာဉ်မောင်းကောင်းတစ်ယောက်၏ အရည်အချင်းများတွင် အောက်ပါ အချက်များ အနက်မှ တစ်ချက်ပါဝင်ပါသည်- အဖြေ(ဂ)

(က) ဆုံးဖြတ်ချက်မှန်ကန်ခြင်းနှင့် တုံ့ပြန်မှုမြန်ဆန်ခြင်း။

(ခ) ပတ်ဝန်းကျင်စူးစမ်းသိမြင်မှုကောင်းခြင်း၊ အာရုံစူးစိုက်မှုကောင်းခြင်းနှင့် သွားမည့် လမ်းကြောင်း ကောင်းစွာ ကြိုတင်စီစဉ်ထားနိုင်ခြင်း။

(ဂ) (က)နှင့် (ခ) နှစ်ခုစလုံး။

၁၀။ ထိုင်ခုံကိုသင့်လျော်သည့်အနေအထားဖြစ်အောင်ချိန်ညှိပြီး ခြေထောက်မှကလပ်ကို ဖိနင်းထားသည့်အခြေအနေတွင်သင်၏ ခြေထောက်သည်- အဖြေ(က)

(က) တဖြောင့်တည်းနီးပါးရှိရမည်။ (ခ) နဲနဲတောင့်ထားရမည်။

(ဂ) ၉၀ ဒီဂရီထောင့်ချိုးကွေ့ထားရမည်။

၁၁။ ယာဉ်မောင်းတွင်မည်သည့်အတွက်ကြောင့် သင့်လျော်သောအဝတ်အစားများကို ဝတ်ဆင်ရသနည်း။ အဖြေ(ဂ)

(က) ယာဉ်မောင်းရာတွင် သက်တောင့်သက်သာဖြစ်စေခြင်း၊

(ခ) လမ်းတွင် မိတ်ဆွေများနှင့် တွေ့နိုင်ဖွယ်ရှိခြင်း၊

(ဂ) မသင့်တော်သောအဝတ်အစားများသည် ယာဉ်မောင်းနှင်ရာတွင် အဟန့်အတား ဖြစ်စေခြင်း၊ အန္တရာယ်ကင်းအောင် မမောင်းနိုင်ခြင်း၊

၁၂။ ယာဉ်မောင်းနေစဉ် ခေါင်းမူးလျှင် အရေးတကြီးလုပ်ရမည်မှာ- အဖြေ(က)

(က) ဘေးကင်းသောနေရာတစ်ခုတွင် ပါကင်ထိုးပြီးရှေ့ဆက်မသွားခင် ခေတ္တခဏအနားယူပါ။

(ခ) သင်သွားလိုရာနေရာသို့ရောက်အောင် ပို၍အရှိန်မြှင့်ပါ။

(ဂ) ယာဉ်မောင်းခြင်းကိုရပ်ပါ။ အန္တရာယ်အချက်ပြမီးကိုဖွင့်ပြီး တစ်ရေးလောက် အိပ်ပါ။

၁၃။ သင်သည်ဒေါသထွက်နေသောယာဉ်မောင်းနှင့်ရင်ဆိုင်တွေ့ပါက- အဖြေ(ခ)

(က) သူ့မျက်လုံးထဲသို့ စိုက်ကြည့်ပါ။

(ခ) ဒေါသထွက်နေမှုကို ကြီးထွားမလာပါစေနှင့်။

(ဂ) သူ့ကိုစိန်ခေါ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**၁၄။ ယာဉ်မောင်းတစ်ယောက်၏ စိုးရိမ်သောကဖြစ်မှုသည်– အဖြေ(က)**

(က) အခြားလမ်းအသုံးပြုသူများအား အမှားလုပ်မိစေသည်။

(ခ) ဆုံးဖြတ်ချက် အမြန်ချမိစေသည်။

(ဂ) သွေးဖိအား လျှော့နည်းစေသည်။

**၁၅။ သင့်အား ယာဉ်ထိန်းရဲကရပ်တန့်စေရာတွင် သင့်သွေးထဲ၌ အယ်လ်ကိုဟောပါဝင်မှုနှုန်း ၁၀၀ မီလီလီတာတွင် ၈၀ မီလီဂရမ်ထက် ကျော်လွန်နေကြောင်း တွေ့ရှိရလျှင်–**

(က) သင့်လိုင်စင် ပိတ်သိမ်းခံရမည်။ **အဖြေ(ဂ)**

(ခ) ဒဏ်ကြေးပေးဆောင်ရမည်။

(ဂ) (က)နှင့် (ခ)အပြင် တရားရုံးတွင် စစ်ဆေးပြီး ထောင်ဒဏ်ချမှတ်ခံရမည်။

**၁၆။ ဘေးရန်အန္တရာယ်မဖြစ်အောင် ယာဉ်ကိုမောင်းနှင်တတ်သူ (safe diver) တစ်ယောက်သည်– အဖြေ(က)**

(က) မောင်းနှင်နေစဉ် တွေ့ကြုံလာနိုင်သည့် အန္တရာယ်များကို သိရှိရမည်။

(ခ) ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းအားလုံးကို သတိမူမိရမည်။

(ဂ) မိမိကိုယ်သာ အန္တရာယ်မဖြစ်စေရေး ပြုမူဆောင်ရွက်တတ်ရမည်။

**၁၇။ အခြားယာဉ်မောင်းများ အမှားလုပ်သောအခါ ကျွန်ုပ်တို့သည်– အဖြေ(ခ)**

(က) ထိုယာဉ်မောင်းများကို ရပ်တန့်စေပြီး ပြစ်တင်ပြောဆိုလိုက်ပါ။

(ခ) "အမှား"အဖြစ်မှတ်ယူပြီး သူတို့ကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်မှု မလုပ်ပါနှင့်။

(ဂ) ကိုယ့်ရဲ့ခံစားချက်ကို အမူအရာဖြင့်ပြခြင်းအားဖြင့် သူတို့ကို သိအောင်လုပ်ပါ။

**၁၈။ ယာဉ်မောင်းသူသည်လက်ကိုင်ဖုန်းမြည်လာပါက အောက်ပါအခြေအနေတွင် လက်ခံပြောဆိုနိုင်သည်– အဖြေ(က)**

(က) ယာဉ်ကို အန္တရာယ်ကင်းသည့်နေရာရပ်ပြီးမှ ပြောနိုင်သည်။

(ခ) ယာဉ်ကို အရှိန်လျှော့၍ ပြောနိုင်သည်။

(ဂ) ချက်ချင်းလက်ခံ၍ ပြောနိုင်သည်။

**၁၉။ ယာဉ်မောင်းအတတ်သင်နေသူတစ်ဦးသည်အမြဲတမ်း– အဖြေ(က)**

(က) မှန်ကန်သောနည်းစနစ်နှင့် အလေ့အကျင့်တို့ကို လေ့လာ[illegible]

(ခ) ဂီယာအတိုး/အလျှော့ပြောင်းလဲနည်း၊ကိုပထမဦးဆုံးအာရုံစိုက်ထားရမည်။

(ဂ) ဖြည်းဖြည်းမောင်းရမည်။

www.burmeseclassic.com



**၂၀။ သင်၏တုံ့ပြန်မှုမြန်ဆန်ခြင်းနှင့် ဆုံးဖြတ်ချက်မှန်ကန်ခြင်းကို ထိခိုက်စေသည့် အားနည်းချက်မှာ ...... ကြောင့်ဖြစ်ပါသည်။ အဖြေ(ဂ)**

(က) ဆာလောင်ခြင်း၊ (ခ) သွားကိုက်ခြင်း၊ (ဂ) ပင်ပန်းနွမ်းနယ်ခြင်း၊

**၂၁။ အငှားယာဉ်မောင်းတစ်ဦးသည်တစ်ဦးတစ်ယောက်ကငှားရမ်းလျှင်- အဖြေ(က)**

(က) လုံလောက်သောအကြောင်းတစ်စုံတစ်ရာမရှိဘဲ အငှားလိုက်ရန် ငြင်းဆန်ခွင့်မရှိပါ။

(ခ) မိမိမလိုက်လိုလျှင် ငြင်းဆန်နိုင်သည်။

(ဂ) ငှားရမ်းသူကို ကြည့်၍ ဆုံးဖြတ်နိုင်သည်။

**၂၂။ အငှားယာဉ်ကိုစက်နှိုး၍ရပ်ထားစဉ် ယာဉ်မောင်းသူသည်- အဖြေ(ခ)**

(က) ယာဉ်နှင့်နီးသောနေရာသို့ ခဏသွားနိုင်သည်။

(ခ) ယာဉ်မောင်းထိုင်ခုံတွင်ရှိနေရမည်။

(ဂ) မိမိသွားလိုသောနေရာသို့ သွားနိုင်သည်။

**၂၃။ အန္တရာယ်ကင်းစွာမောင်းနှင်တတ်သူတစ်ယောက်သည်- အဖြေ(က)**

(က) မောင်းနှင်နေသည့် မော်တော်ယာဉ်တစ်စီးအနေဖြင့် တွေ့ကြုံလာနိုင်သည့် အန္တရာယ်များကို သိရှိပါသည်။

(ခ) ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းအားလုံးကို သတိမူမိပါသည်။

(ဂ) မိမိကိုယ်ကိုယ်သာ အန္တရာယ်မဖြစ်စေရေး ပြုမူဆောင်ရွက်ပါသည်။

**၂၄။ ယာဉ်မောင်းကောင်းတစ်ယောက်သည် .....ဖြစ်ရမည်။ အဖြေ(ခ)**

(က) ယာဉ်ကို ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ၊

(ခ) ဘေးအန္တရာယ်မဖြစ်အောင်ယာဉ်ကို မောင်းနှင်နိုင်သူ၊

(ဂ) ယာဉ်မောင်းခြင်းအတတ်ပညာကို သင်ကြားပြသပေးနိုင်သူ၊

**၂၅။ ယာဉ်မောင်းတစ်ယောက်သည် ....ထိုင်ခုံ၏ပတ် ပတ်သင့်သည်။ အဖြေ(ဂ)**

(က) မှန်များကို ချိန်ညှိပြီးနောက်၊

(ခ) ယာဉ်ထဲသို့ဝင်ပြီးနောက်ချက်ချင်း၊

(ဂ) သူ၏ ထိုင်ခုံအနေအထားကို ချိန်ညှိပြီးနောက်၊

**၂၆။ ယာဉ်မောင်းစဉ်မှာ ဘာကြောင့် သက်တောင့်သက်သာ ဝတ်ဆင်ရသလဲ။ အဖြေ(ဂ)**

(က) ယာဉ်မောင်းရာမှ သက်တောင့်သက်သာဖြစ်စေရန်၊

(ခ) လမ်းမှာ မိတ်ဆွေများနှင့်တွေ့နိုင်ဖွယ်ရှိ၍

www.burmeseclassic.com

www.burmeseclassic.com


(ဂ) မသင့်လျော်သောအဝတ်အစားများသည် လှုပ်ရှားမှုနှင့် အန္တရာယ်မဖြစ်အောင် မောင်းနှင်ရာ၌ အဟန့်အတားဖြစ်စေခြင်းကြောင့်၊

**၂၇။ အောက်ပါတို့အနက် မောင်းနှင်မှုအမျိုးအစားတစ်ခုကို ရှောင်ကြဉ်ပါ– အဖြေ(ဂ)**

(က) တခြားသူများ ရယ်မောစေမည့်မောင်းနှင်ခြင်း၊

(ခ) ယာဉ်မောင်းသင်တန်းကျောင်းမှာ မသင်ကြားခဲ့သည့် မောင်းနှင်ခြင်း။

(ဂ) အန္တရာယ်ရှိသော အခြေအနေကို ဖန်တီးသည့် မောင်းနှင်ခြင်း။

**၂၈။ ယာဉ်မောင်းနှင်နေစဉ် အိပ်ငိုက်ပါက အကောင်းဆုံးလုပ်ဆောင်ရမည့် နည်းလမ်းမှာ–**

(က) ရပ်နား၍အနားယူရမည်။ ဖြစ်နိုင်လျှင် လူလဲလှယ်၍မောင်းရမည်။ **အဖြေ(က)**

(ခ) ရေဒီယိုကို ကျယ်လောင်စွာဖွင့်ရမည်။

(ဂ) အပူပေးကိရိယာကို ဖွင့်ရမည်။

**၂၉။ အောက်တွင်ဖော်ပြထားသည့် အချက်များတွင် မည်သည့်အချက်သည် မှားယွင်းပါသနည်း။**

(က) မော်တော်ယာဉ်ကြီးများ ယာဉ်တိုက်မှုသည် ဖြစ်လေ့ဖြစ်ထ **အဖြေ(က)**
ရှိသည့်ကိစ္စ ဖြစ်သော် လည်းလူသေပျောက်မှု နည်းပါးသည်။

(ခ) ယာဉ်မောင်းနေစဉ်အတွင်း ဂရုတစိုက်မောင်းနှင်ပါက ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားခြင်းကို ရှောင်ရှားနိုင်ပါသည်။

(ဂ) မှားယွင်းစွာဆုံးဖြတ်ခြင်းကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားတတ်ပါသည်။

## (၂) ယာဉ်မောင်းနှင်ခြင်းမပြုမီစစ်ဆေးရမည့်အချက်နှင့်စထွက်ခြင်း

**၁။ အမိုးပေါ်တွင် ပစ္စည်းတင်ရန် အကာအရံရှိသောယာဉ်၌ ကုန်ပစ္စည်းများ အမိုးပေါ်တွင် တင်ဆောင်ပါက မြေညီလမ်းမှ ကုန်ပစ္စည်းထိပ်အထိမြင့်သည့် ဝန်ပေါ့ယာဉ်အတွက်–**

(က) ၁၀ပေ၊ (၃ မီတာ)ထက် ပိုမမြင့်ရပါ။ **အဖြေ(က)**

(ခ) ၈ပေ၊ (၂.၄ မီတာ)ထက် ပိုမမြင့်ရပါ။

(ဂ) ၁၂ပေ၊ (၃.၆ မီတာ)ထက် ပိုမမြင့်ရပါ။

**၂။ ယာဉ်နောက်မြီးမှ ....ထက်ပို၍ အစွန်းထွက်သော ကုန်များ၏အဖျားတွင် သတိပေး ပစ္စည်းတပ်ဆင်ရမည်။** **အဖြေ(ခ)**

(က) ၃ပေ၊ (၀.၉ မီတာ)၊ (ခ) ၃ပေ ၃လက်မ၊ (၁ မီတာ)၊

(ဂ) ၆ပေ ၆လက်မ၊ (၂ မီတာ)၊

www.burmeseclassic.com

www.burmeseclassic.com

၃။ ယာဉ်မောင်းနှင်ခြင်းမပြုမီ ယာဉ်ကိုစစ်ဆေးရခြင်းမှာ - အမြေ(ဂ)
(က) မောင်းနှင်သွားလာနေစဉ် ပြဿနာအခက်အခဲမဖြစ်စေရန်၊
(ခ) ယာဉ်နှင့်စက်ပစ္စည်းကိရိယာများ ကောင်းမွန်မှုသေချာစေရန်၊
(ဂ) (က)နှင့် (ခ) နှစ်ခုလုံး၊

၄။ ကားစက်မနှိုးမီ၊ သင့်အနေဖြင့်- အဖြေ(ဂ)
(က) ဂီယာနံပါတ် (၁)ထိုးရမည်။
(ခ) ကလပ်ကိုနင်းရမည်။
(ဂ) ဂီယာကို ကြားအနေအထားတွင် ထားရမည်။ (ဖရီးဂီယာ)

၅။ ကားထဲကိုမဝင်မီမည်သည့်အရာများကိုသင်စစ်ဆေးသင့်သနည်း။ အဖြေ(ဂ)
(က) ယာဉ်၏ ယေဘုယျအခြေအနေ၊ နံပါတ်ပြားနှင့် မီးတပ်ဆင်ထားမှု။
(ခ) တာယာ ပါး/မပါး။
(ဂ) (က)နှင့် (ခ)တွင် ဖော်ပြထားချက်နှစ်ခုစလုံး။

၆။ အရက်သောက်ထားသော်လည်း- အဖြေ(ဂ)
(က) ခရီးတိုမောင်းနိုင်သည်။
(ခ) ခရီးသည်မပါလျှင် မောင်းနိုင်သည်။
(ဂ) (က)နှင့် (ခ) နှစ်ခုစလုံးမှားသည်။

၇။ ယာဉ်ကို စတင်ထွက်လိုပါက သင့်အနေဖြင့်- အဖြေ(ဂ)
(က) အချက်ပြ၍ မြန်မြန်ဆန်ဆန် ထွက်ရမည်။
(ခ) ယာဉ်မောင်းသူအနေဖြင့် သေချာမမြင်ရသော နေရာများကို ဂရုတစိုက် စစ်ဆေး၍ ယာဉ်ကိုစတင်ထွက်ရမည်။
(ဂ) ရှေ့မှန်၊ နောက်မှအချက်ပြမီးများကို စစ်ကြည့်၍ အလွယ်တကူ မမြင်ရသော နေရာများကို ဂရုတစိုက်ကြည့်၍ ထွက်ရမည်။

၈။ ယာဉ်မောင်းမတော်တဆမှုဖြစ်ပါက ထိခိုက်ဒဏ်ရာရသေဆုံးမှုမှ လျော့နည်းစေရန် ထိုင်ခုံခါးပတ်ကို ပတ်ရမည်။ အဖြေ(ဂ)
(က) ယာဉ်မောင်းသာလျှင်၊
(ခ) ရှေ့ခရီးသည်နှင့်ယာဉ်မောင်းသာလျှင်၊
(ဂ) ခရီးသည်အားလုံးနှင့် ယာဉ်မောင်း၊

www.burmeseclassic.com

www.burmeseclassic.com



**၉။ ယာဉ်မထွက်မီ သေချာအောင်စစ်ဆေးရခြင်းမှာ –** **အဖြေ(ဂ)**

(က) အခက်အခဲကင်းသော ခရီးဖြစ်စေရန်၊ (ခ) ကားအခြေအနေကောင်းမွန်စေရန်၊

(ဂ) (က)နှင့် (ခ) (၂)ခုလုံး။

**၁၀။ စီးပွားရေးလုပ်ငန်းသုံးယာဉ်များဖြစ်သည့် ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်ယာဉ်ကြီးများအား မည်သည့်လိုင်စင်အမျိုးအစားနှင့် မောင်းနှင်ရမည်နည်း။** **အဖြေ(က)**

(က) "င"ယာဉ်မောင်းလိုင်စင်၊ (ခ) "ဃ" ယာဉ်မောင်းလိုင်စင်၊

(ဂ) "ခ" ယာဉ်မောင်းလိုင်စင်၊

**၁၁။ ယာဉ်မောင်းချိန် ..... ထက်ကျော်လွန်၍ မောင်းနှင်ရသည့်ခရီးတွင် ခရီးသည်တင်ယာဉ်၌ အရန်ယာဉ်မောင်းသူပါရှိရမည်။** **အဖြေ(က)**

(က) ၈ နာရီ၊ (ခ) ၁၀ နာရီ၊ (ဂ) ၁၂ နာရီ၊

**၁၂။ ညအချိန်ယာဉ်မောင်းရာတွင် –** **အဖြေ(ဂ)**

(က) ယာဉ်၏ အတွင်းပိုင်းမီးများကို ဖွင့်ထားပါ။

(ခ) သင့်ယာဉ်၏ စုံအချက်ပြမီးများကို ဖွင့်ထားပါ။

(ဂ) ယာဉ်၏အတွင်းပိုင်းမီးများကို ပိတ်ထားပါ။

**၁၃။ နောက်တွဲတစ်ခုထက်ပို၍ တပ်ဆင်ထားသည့်ယာဉ်ကို မောင်းနှင်ခွင့်ရှိပါ သလား။**

(က) မောင်းနှင်ခွင့်မရှိပါ။ **အဖြေ(က)**

(ခ) ယာဉ်နှင့်နောက်တွဲများ၏စုစုပေါင်း အလျားမှာ ၁၅မီတာထက်ကျော်ပါက မောင်းနှင်ခွင့်ရှိပါသည်။

(ဂ) ယာဉ်မောင်းလိုင်စင်သက်တမ်း(၂)နှစ်ကျော်ပါက မောင်းနှင်ခွင့်ရှိပါသည်။

**၁၄။ အရက်၏ အကျိုးသက်ရောက်မှုများထဲမှ တစ်ခုသည် –** **အဖြေ(ဂ)**

(က) အမြင့်ဆုံးပူးပေါင်းဆောင်ရွက်မှုကိုရရှိစေသည်။

(ခ) သွေးဖိအားပိုနည်းသည်။ (ဂ) ကျိုးကြောင်းဆင်ခြင်မှုကို လျော့နည်းစေသည်။

**၁၅။ ယာဉ်မောင်းသောအခါသင်၏သွေးတွင်း အယ်လကိုဟောပါဝင်မှုနှုန်းသည် သွေး ၁၀၀ မီလီမီတာတွင် ....ထက် မပိုသင့်ပါ။** **အဖြေ(ဂ)**

(က) ၆၀ မီလီဂရမ်၊

(ခ) ၇၀ မီလီဂရမ်၊

(ဂ) ၈၀ မီလီဂရမ်၊

www.burmeseclassic.com

www.burmeseclassic.com

၁၆။ ယာဉ်ကြောဘက်အခြမ်းရှိ ကားတံခါးကို ဖွင့်မည်ဆိုပါက မော်တော်ယာဉ် ဥပဒေ သတ်မှတ်ချက်မှာ– အဖြေ(က)

(က) လမ်းအသုံးပြုသူများနှင့် ယာဉ်ကြောအတွင်းရှိ ယာဉ်များအန္တရာယ်ကင်း စေနိုင်သည် အထိ စောင့်ပြီးမှ ဖွင့်ရမည်။

(ခ) တံခါးဖွင့်နေစဉ်အတွင်းနောက်မှလာသော ယာဉ်များမှရပ်တန့်ပေးရမည်။

(ဂ) အဆိုပါအခြေအနေအတွက် သတ်မှတ်ချက်မရှိပါ။

၁၇။ အရက်သောက်ထားသော်လည်း..မောင်းရန်အဆင်ပြေသည်။– အဖြေ(ဂ)

(က) သင်သည် ခရီးတိုမောင်းလျှင်၊

(ခ) သင်နှင့်အတူ ခရီးသည်မပါသရွေ့၊

(ဂ) (က)နှင့် (ခ) ၂ခုစလုံးမှားသည်။

၁၈။ ကားမောင်းနေစဉ် မိမိကားထံမှ ဈေးသံကြားရ၍ သေးသေးသည် ဆိုင်းနေပါကကားသည်–

(က) ဘရိတ်ပျက်နေခြင်းဖြစ်သည်။ အဖြေ(ဂ)

(ခ) အင်ဂျင်အပူလွန်နေခြင်းဖြစ်သည်။

(ဂ) ကားဘီးချောင်နေခြင်းဖြစ်သည်။

၁၉။ အရက်သေစာသောက်စားထားပြီး မော်တော်ယာဉ်မောင်းနှင်ခြင်းသည်– အဖြေ(က)

(က) လျှင်မြန်စွာတုံ့ပြန်မှုနှင့်ဆုံးဖြတ်ချက်မှန်ကန်မှုတို့အား ထိခိုက်စေနိုင်ပါသည်။

(ခ) မော်တော်ယာဉ်မောင်းနှင်မှုစွမ်းရည်ကို မထိခိုက်စေပါ။

(ဂ) ထုံးစံတစ်ခုလိုဖြစ်နေသည်။

၂၀။ မော်တော်ယာဉ်မမောင်းနှင်မီ ဆေးဝါးတစ်မျိုးမျိုးကိုသုံးစွဲထားပါက အရေးကြီးဆုံး အချက်မှာ– အဖြေ(က)

(က) ဆေးဝါး၏ အကျိုးသက်ရောက်မှုကို သိရှိထားရမည်။

(ခ) သင်နှင့်အတူ အဖော်တစ်ယောက်ပါရှိစေရမည်။

(ဂ) အစားအစာတစ်ခုခုကို စားသုံးထားရမည်။ (အစာအိမ်အတွင်းအစာရှိနေ စေရမည်)

၂၁။ အရက်သေစာသောက်စားခြင်းသည်– အဖြေ(က)

(က) ဦးနှောက်၏ အလုပ်လုပ်နိုင်စွမ်းအားကို နှေးကွေးလျော့ကျစေသည်။

(ခ) ဦးနှောက်၏အလုပ်လုပ်နိုင်စွမ်းအားကို ပိုမိုမြှင့်တင်ပေးနိုင်သဖြင့် အလုပ်ပိုမို ထိရောက် စေသည်။

(ဂ) တည်ငြိမ်အေးဆေးစေလျက် အတွေးအာရုံကို ပိုမိုရှင်းလင်းစေသည်။

www.burmeseclassic.com

www.burmeseclassic.com



**၂၂။ ကား(ဝ)စီး၏ ဗဟိုခွာအားလည်း လမ်း၏ပွတ်တိုက်အားထက် ပိုနေသောအခါ ဘာဖြစ်မည်နည်း။** **အဖြေ(ဂ)**

(က) မည်သည့်အရာမျှမဖြစ်ပါ။

(ခ) ယာဉ်မောင်းသည် ကားကိုပို၍ ထိန်းချုပ်အားရှိလိမ့်မည်။

(ဂ) ယာဉ်မောင်းသည် မထိန်းချုပ်နိုင်တော့ဘဲ ကားသည်လည်သွားလိမ့်မည်။

## (၃) အဝေးပြေးလမ်း/အမြန်လမ်း

**၁။ အဝေးပြေးလမ်းမပေါ်တွင် လက်ဝဲဘက်အစွန်ဆုံးယာဉ်ကြော၌ အရှိန် ဖြည်းညှင်းစွာ မောင်းနှင်နေခြင်းဖြင့်–** **အဖြေ(က)**

(က) ယာဉ်ကြောပိတ်ဆို့စေ၍ နှေးကွေးစေပါသည်။

(ခ) အခြားယာဉ်များကို လက်ယာဘက်ယာဉ်ကြောမှ ကျော်တက်စေရန် ရည်ရွယ်သည်။

(ဂ) လုံခြုံစိတ်ချရသော မောင်းနှင်ခြင်းကိုဖြစ်စေသည်။

**၂။ အမြန်လမ်းမပေါ်တွင် ဖြည်းဖြည်းမောင်းနေသောယာဉ်များသည် မည်သည့်ယာဉ်ကြောမှ မောင်းရမည်နည်း။** **အဖြေ(က)**

(က) လက်ယာဘက်၊ (ခ) လက်ဝဲဘက်၊ (ဂ) အလယ်၊

**၃။ အမြန်လမ်းမပေါ်တွင် မောင်းနေချိန်၌ သင့်အနေဖြင့်–** **အဖြေ(က)**

(က) မကျော်တက်လိုလျှင် လက်ယာဘက်သို့ ကပ်မောင်းပါ။

(ခ) သင်ရွေးချယ်မောင်းနှင်လိုသည့် လမ်းအတိုင်းမောင်းပါ။

(ဂ) လက်ဝဲဘက်လမ်းကြောတွင် အခြားယာဉ်များရှိနေလျှင် လက်ယာဘက် ယာဉ်ကြောမှ ကျော်တက်ပါ။

**၄။ အမြန်လမ်းမပေါ်တွင် မည်သည့်ယာဉ်အမျိုးအစားကို မောင်းနှင်ခွင့် မပြုသနည်း။** **အဖြေ(ဂ)**

(က) ဆိုက်ကားများ၊ စက်ဘီးများ၊

(ခ) မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများ၊

(ဂ) (က)နှင့် (ခ) နှစ်ခုစလုံး၊

www.burmeseclassic.com

www.burmeseclassic.com

**၅။ အမြန်လမ်းမပေါ်တွင် လမ်းပခုံးသားပေါ်၌ မောင်းနှင်ခြင်းသည်- အဖြေ(ခ)**

(က) မည်သည့်အချိန်တွင်မဆို စည်းကမ်းချိုးဖောက်ခြင်း မဟုတ်ပါ။

(ခ) မည်သည့်အချိန်တွင်မဆို စည်းကမ်းချိုးဖောက်ခြင်း ဖြစ်သည်။

(ဂ) ယာဉ်ကြောရှုပ်ထွေးနေချိန်တွင် စည်းကမ်းချိုးဖောက်ခြင်း မဟုတ်ပါ။

**၆။ အမြန်လမ်းမပေါ်တွင် အစွန်ဆုံးလက်ဝဲဘက်ယာဉ်ကြောကို.....၌ မောင်းခွင့်ပေးသည်။**

(က) အရေးပေါ်ယာဉ်များကို လမ်းပေးချိန်၊ **အဖြေ(ခ)**

(ခ) သင်ကျော်တက်လိုသောအချိန်၊ (ဂ) သင်အလျင်လိုသောအချိန်၊

**၇။ အမြန်လမ်းမပေါ်တွင် သင့်ယာဉ်ပျက်သွားလျှင်သင့်အနေဖြင့်- အဖြေ(က)**

(က) တတ်နိုင်သမျှ မြန်မြန်လမ်းပခုံးသားပေါ်ကို ရွှေ့လိုက်ပါ။

(ခ) ဆွဲယူသယ်ဆောင်နိုင်မည့် ကုန်ကားတစ်စီးကို စောင့်ပါ။

(ဂ) လက်ယာဘက်ရှိ အပြင်ဘက်ဆုံး လမ်းကြောသို့ တွန်းသွားပါ။

**၈။ ဖြည်းဖြည်းမောင်းနေသော ယာဉ်တစ်စီးသည် အဝေးပြေးလမ်းမပေါ်တွင် လက်ဝဲဘက် အစွန်ဆုံး ယာဉ်ကြော၌ မောင်းနေခြင်းကြောင့်- အဖြေ(က)**

(က) ယာဉ်ကြောကို လမ်းပိတ်ဆို့စေ၍ နှေးကွေးစေပါသည်။

(ခ) အခြားယာဉ်များကို လက်ယာဘက်ယာဉ်ကြောမှ ကျော်တက်စေရန် ရည်ရွယ်သည်။

(ဂ) လုံခြုံစိတ်ချရသော မောင်းနှင်ခြင်းကို ဖြစ်စေသည်။

**၉။ အမြန်လမ်းမပေါ်တွင်ယာဉ်ကြောရှုပ်ထွေးနေစဉ် မောင်းနှင်နေပါကသင့်အနေဖြင့်-အဖြေ(ဂ)**

(က) ယာဉ်ကြောရှုပ်ထွေးနေခြင်းကိုရှင်းလင်းနိုင်ရန် သင်၏ယာဉ်ကြောအတွင်းသို့ ဝင်မောင်းခြင်းနှင့် အပြင်သို့ထွက်မောင်းခြင်းကို တစ်လှည့်စီပြုလုပ်လိုက်ပါ။

(ခ) ယာဉ်ကြောရှုပ်ထွေးခြင်းကို ဖြတ်ကျော်နိုင်ရန် လမ်းပခုံးသားမှမောင်းနှင်ပါ။

(ဂ) မိမိလမ်းကြောအတွင်းတွင်သာ စိတ်ရှည်ရှည်စောင့်ပြီး မောင်းနှင်ပါ။

## (၄) ရာသီဥတု/ မြင်ကွင်းအခြေအနေ

**၁။ ဆိုးဝါးသောရာသီဥတုအခြေအနေကြောင့် ရှေ့မြင်ကွင်းအားရှင်းလင်းစွာ မမြင်ရလျှင် သင့်အနေဖြင့်- အဖြေ(ခ)**

(က) အနီးဆုံးကားပါကင်ကိုရှာ၍ရပ်ပါ။

(ခ) လုံခြုံစိတ်ချရသောနေရာရှာ၍ ရပ်ကာ စုံအချက်ပြမီးဖွင့်ထားပါ။

(ဂ) စုံအချက်ပြမီးဖွင့်ကာ ရှေ့သို့ဂရုတစိုက်ဆက်မောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

၂။ **မည်သည့်ယာဉ်မဆို အလင်းရောင်ရရှိစေရန်အတွက်-** **အဖြေ(ခ)**

(က) ည(၇)နာရီမှ မနက်(၆)နာရီအတွင်း မီးဖွင့်၍ မောင်းနှင်ရမည်။

(ခ) နေဝင်ချိန်မှ နေထွက်ချိန်စပ်ကြားနှင့် ရာသီဥတုကြောင့် အလင်းရောင် နည်းနေသည့် အချိန်တွင် မီးဖွင့်၍ မောင်းနှင်ရမည်။

(ဂ) သင်မမြင်နိုင်ရလောက်အောင် မှောင်သောအချိန်မှသာ မီးဖွင့်၍ မောင်းနှင်ရမည်။

၃။ **သင်သည် လမ်းပြင်နေသည့်နေရာနှင့် နီးကပ်လာပါက-** **အဖြေ(ဂ)**

(က) အရှိန်တင်ကာ အမြန်ဖြတ်သန်းမောင်းနှင်ပါ။

(ခ) စုံအချက်ပြမီး ဖွင့်လိုက်ပါ။ (ဂ) အရှိန်လျှော့ကာ သတိနှင့် ရှေ့ဆက်မောင်းပါ။

၄။ **အန္တရာယ်ကင်းစွာမောင်းနှင်နိုင်စေရန်အတွက် အောက်ပါအခြေအနေများကို သိရှိထားသင့်သည်-** **အဖြေ(ဂ)**

(က) ရာသီဥတုနှင့် အလင်းရောင်အခြေအနေ၊

(ခ) လမ်းနှင့်ယာဉ်ကြော အခြေအနေ၊ (ဂ) (က)နှင့် (ခ) နှစ်ခုစလုံး၊

၅။ **မြင်ကွင်းသည် မှုန်ဝါးနေချိန်၌ လမ်းကွေ့များကို ချဉ်းကပ်ဝင်ရောက် သောအခါ သင့်အနေဖြင့် ဘာလုပ်သင့်သလဲ။** **အဖြေ(ခ)**

(က) ဟွန်းသံအဆက်မပြတ်ပေးပါ။ (ခ) ရှေ့မီးကြီးကို ဖွင့်၍သုံးပါ။

(ဂ) သင့်ယာဉ်၏မီးအားလုံးကို ဖွင့်ပါ။

၆။ **ယာဉ်မောင်းများသည် အမြဲတမ်းရှေ့မြင်ကွင်းကို ကြို၍အကဲခတ်ကြည့် နေခြင်းဖြင့် ယာဉ်မောင်းသူသည်-** **အဖြေ(ခ)**

(က) မော်တော်ယာဉ်ကို ကွေ့လိုသည့်အခါ ယာဉ်သွားလာမှုအခြေအနေကို ကြိုသိနိုင်ပါသည်။

(ခ) စတီယာရင်ကို လိုအပ်သလိုထိန်းကျောင်းခြင်းနှင့် ကားအရှိန်နှုန်းကို မြှင့်တင်/ လျှော့ချခြင်းကို ယာဉ်သွားလာမှုအခြေအနေအရ လုပ်ဆောင် နိုင်သည်။

(ဂ) မော်တော်ယာဉ်နောက်ကြည့်မှန်၊ ဘေးကြည့်မှန်တို့အား အလွန်အကျွံ အသုံးပြုစရာ မလိုတော့ပေ။

၇။ **သင်မောင်းနှင်နေသော လမ်းမျက်နှာပြင်အမျိုးအစားကို သတိပြုရန် အဘယ်ကြောင့် အရေးကြီးသနည်း။** **အဖြေ(က)**

(က) မတူညီသောလမ်းမျက်နှာပြင်များပေါ်တွင် လမ်းနှင့်ထာယာပွတ်တိုက်အားသည် ကွဲပြားသည်။

(ခ) သင့်ယာဉ်သည် မတူညီသော လမ်းမျက်နှာပြင်ပေါ်မှာ သင့်တော်စွာ လုပ်ဆောင်နိုင်ပါ။

(ဂ) သင်သတိမထားမိဘဲသင့်ယာဉ်တာယာများ ပျက်စီးကောင်းပျက်စီးဂိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

**၈။ ယာဉ်တိုက်မှုကို ကြိုတင်ကာကွယ်ရန်၊ ယာဉ်မောင်းသူတစ်ဦးသည်– အဖြေ(ဂ)**

(က) လမ်းအခြေအနေကောင်းမွန်မှသာ ယာဉ်ကိုမောင်းရမည်။

(ခ) မိမိအတွက် အဆင်ပြေစေသည့်အမြန်နှုန်းထက် ပို၍ မမောင်းပါ။

(ဂ) ဖြစ်ပေါ်လာနိုင်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကို ကြိုတင်စဉ်းစား တွေးတော ထားပြီး အန္တရာယ်တွေ့ကြုံလာသည့်အခါ၌လည်း မှန်ကန်စွာဆောင်ရွက်ရမည်။

**၉။ ဆိုးရွားသောရာသီဥတုအခြေအနေများကြောင့် ကားမောင်းရာတွင် ရှင်းရှင်း လင်းလင်း မမြင်ရပါက– အဖြေ(က)**

(က) သင်ရှင်းရှင်းလင်းလင်းမြင်နိုင်တဲ့ အကွာအဝေးထက်ပို၍ မမောင်းသင့်ပါ။

(ခ) သင်ရှင်းရှင်းလင်းလင်းမြင်နိုင်တဲ့ အကွာအဝေးထက် မောင်းနိုင်အောင် ကြိုးစားသင့်သည်။

(ဂ) မှန်ရှေ့ရှိ ရေသုတ်တံခလုတ်ကို ဖွင့်လိုက်ပါ။

**၁၀။ မြင်ကွင်းမှုန်ဝါးနေချိန်၌ သင့်ယာဉ်၏ရှေ့မီးများကိုဖွင့်ထားခြင်းသည်– အဖြေ(ဂ)**

(က) အခြားသူများ သင့်ယာဉ်ကို ပို၍ကောင်းကောင်းမြင်နိုင်စေသည်။

(ခ) သင်သည် အခြားယာဉ်များကို ပို၍ကောင်းကောင်းမြင်နိုင်စေသည်။

(ဂ) (က) နှင့် (ခ) နှစ်ခုလုံး

**၁၁။ ဆိုးဝါးသော ရာသီဥတုအခြေအနေကြောင့် မြင်ကွင်းမသဲကွဲသောအခါ သင့်အနေဖြင့်–**

(က) သင့်ယာဉ်၏ မီးအားလုံးကို ဖွင့်ပါ။ **အဖြေ(ဂ)**

(ခ) ဟွန်းသံများများပေးပါ။

(ဂ) ဘေးကင်းသောနေရာတွင် ယာဉ်ကိုရပ်ပြီး မြင်ကွင်းသဲကွဲသောအခါမှ ဆက်သွားပါ။

**၁၂။ နေရောင်ကြောင့် မျက်စိပြာသောအခါ သင်သည်လုပ်သင့်သည်မှာ– အဖြေ(က)**

(က) နေကာကို အောက်သို့နှိမ့်ပါ။

(ခ) လေကာမှန်ကို အရောင်တောက်တစ်ခုခု သုတ်လိမ်းပါ။

(ဂ) နေရောင်မှဝေးရာသို့ ဖျက်ချင်းလှည့်လိုက်ပါ။

**၁၃။ ယာဉ်မောင်းနှင်းနေစဉ် မိုးရွာလာပါက– အဖြေ(က)**

(က) မိုးရေနှင့်ဆီတို့သည် လမ်းမျက်နှာပြင်ချောမှုကိုဖြစ်ပေါ်စေနိုင်သဖြင့် ဘရိတ်ကို ဖြည်းညင်း စွာထိန်း၍ အရှိန်ကိုလျှော့ချရမည်။

(ခ) အမြင်အာရုံ ပိုမိုကောင်းမွန်စေရန်အတွက် ရှေ့မီးကြီးများကို ဖွင့်ရမည်။

(ဂ) မီးကြီးများကို ဖွင့်လိုက်ပိတ်လိုက်လုပ်၍ အခြားယာဉ်များကို သတိပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com

၁၄။ ယာဉ်မောင်းစဉ် ကောင်းမွန်စွာမြင်နိုင်ရန်အတွက် အမြဲတမ်းရှိရမည့် ယာဉ်အနေအထားသည်-
(က) လမ်းပေါ်မှ မတော်တဆဖြစ်မှုများကို တွေ့မြင်နိုင်သည့်အနေအထား။ **အဖြေ(ဂ)**
(ခ) သင့်ဝန်းကျင် အထူးသဖြင့် သင့်နောက်ကို တွေ့မြင်နိုင်သည့် အနေအထား။
(ဂ) ယာဉ်အားလုံး၊ အထူးသဖြင့် သင့်ရှေ့မှယာဉ်ကိုတွေ့မြင်နိုင်သည့် အနေအထား။

## (၅) မီးပွိုင့်နှင့်လမ်းဆုံတွင်လိုက်နာရမည့်အချက်များ

**၁။ မီးပွိုင့်များစွာတပ်ဆင်ထားသောလမ်းဆုံနေရာတွင် အောက်ပါအချက်ပြမှုအား လိုက်နာရမည်-**
(က) သင်သွားလိုသောလမ်းကြောနေရာမှ မီးပွိုင့်၊ **အဖြေ(က)**
(ခ) သင်နှင့်အနီးဆုံး မီးပွိုင့်၊ (ဂ) အခြားလမ်းသုံးပြုသူများမှ ပြသောအချက်ပြမှု၊

**၂။ မီးပွိုင့်ရှိသောလမ်းဆုံသို့ ချဉ်းကပ်ဝင်ရောက်ချိန်တွင်- အဖြေ(ဂ)**
(က) လက်ရှိအရှိန်အတိုင်းထားပါ။ (ခ) အရှိန်ကိုမြှင့်ပါ။ (ဂ) အရှိန်ကိုလျှော့ပါ။

**၃။ မီးပွိုင့်ရှိသောလမ်းဆုံသို့ ချဉ်းကပ်ဝင်ရောက်ချိန်မှာသင့်အနေဖြင့်- အဖြေ(ဂ)**
(က) လက်ရှိအရှိန်အတိုင်းထားပါ။ (ခ) အရှိန်ကိုမြှင့်ပါ။ (ဂ) အရှိန်ကိုလျှော့ပါ။

**၄။ မီးပွိုင့်သည် မှိတ်တုတ်မီးဝါပြနေပါက- အဖြေ(ဂ)**
(က) စက်ရှိန်သတ်ပြီး ရပ်ရမည့်မျဉ်းကြောင်းမှာရပ်ပါ။
(ခ) မီးပွိုင့်များပျက်နေခြင်းဖြစ်၍ ယာဉ်ထိန်းရဲကိုစောင့်ပါ။
(ဂ) ရှေ့၊ ဘေး၊ ဘယ်၊ ညာ ယာဉ်ကြောပေါင်းစုံမှ လာသောကားများကို သတိကြီးစွာကြည့်ပြီး ဆက်မောင်းပါ။

**၅။ လမ်းဆုံတွင် အဝိုင်းပတ်ရှိလျှင်- အဖြေ(ဂ)**
(က) လမ်းမကြီးမှ လာသောယာဉ်ကို ဦးစားပေးရမည်။
(ခ) အဝိုင်းပတ်တွင် လက်ဝဲပတ်မောင်းရမည်။
(ဂ) အဝိုင်းပတ်ထဲ ဦးစွာရောက်ရှိသောယာဉ်ကို ဦးစားပေးရမည်။

**၆။ ယာဉ်ထိန်းအချက်ပြမီးနှင့် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူမရှိသော လမ်းဆုံတွင် လမ်းတစ်ဖက် ဆီမှလာနေသော ယာဉ်နှစ်စီးအနက် ...သည် ဦးစွာဖြတ်ကျော်ရမည်။**
(က) လမ်းဆုံသို့ဦးစွာရောက်ရှိသောယာဉ်၊ **အဖြေ(က)**
(ခ) လမ်းဆုံသို့ တစ်ချိန်တည်းရောက်လျှင် သာမန်အားဖြင့် လက်ဝဲဘက်မှ လာသောယာဉ်၊
(ဂ) လမ်းဆုံသို့တစ်ချိန်တည်းရောက်လျှင် အဆင်ပြေသောယာဉ်၊

www.burmeseclassic.com

www.burmeseclassic.com

**၇။ မီးပွိုင့်ထိန်းချုပ်မှုမရှိသော လမ်းဆုံသို့ရောက်ရှိချိန်တွင် သတိပြုရမည့် အချက်မှာ-**

(က) သင့်ယာဉ်ကိုသတိထား၍ ဦးစားပေးမောင်းနှင်ရမည်။ **အဖြေ(ခ)**

(ခ) အရှိန်လျှော့ရန်နှင့် ဦးစားပေးစည်းမျဉ်းများအား အမြဲလိုက်နာကျင့်သုံးရမည်။

(ဂ) အခြားသောလမ်းအသုံးပြုသူများကိုအမြန်ကျော်ဖြတ်ရန်အတွက် အမြဲတမ်း အရှိန်မြှင့်ရမည်။

**၈။ လမ်းဆုံအဝိုင်းကို ပတ်မောင်းစဉ်မှာ-** **အဖြေ(က)**

(က) ညာဘက်ရှိယာဉ်များသည် ဘယ်ဘက်ယာဉ်များကို လမ်းပေးသင့်သည်။

(ခ) ကားတန်းရှည်နေသော လမ်းကြောင်းပေါ်ရှိယာဉ်များသည် ဦးစားပေး နေရာတွင်သာ ရှိသင့်သည်။

(ဂ) ဘယ်ဘက်ရှိယာဉ်များသည် ညာဘက်ရှိယာဉ်များကို လမ်းပေးသင့်သည်။

**၉။ ထိန်းချုပ်ထားသော မီးပွိုင့်လမ်းဆုံ၌-** **အဖြေ(ဂ)**

(က) သင်သည် လမ်းကြောင်းမှန်၌ စိတ်ချလက်ချ မောင်းနှင်နိုင်ပါသည်။

(ခ) မီးစိမ်းသောအခါ အရှိန်မြှင့်မောင်းနှင်နိုင်ပါသည်။

(ဂ) ပို၍ သတိထားမောင်းနှင်ရမည်။

**၁၀။ သင်နှင့်နီးကပ်နေပြီးဖြစ်သောမီးပွိုင့်သည် မီးစိမ်းလင်းသော်လည်း လမ်းကူးနေသူများ ရှိပါက သင့်အနေဖြင့်-** **အဖြေ(ဂ)**

(က) ဟွန်းသံပေး၍ ရှေ့မီးထွန်းကာ ရှေ့သို့ဆက်မောင်းပါ။

(ခ) လမ်းကူးနေသူများ အမြန်ကူးသွားရန် သင့်လမ်းအတိုင်း ရှေ့သို့ ဖြည်းဖြည်းမောင်းပါ။

(ဂ) လမ်းကူးနေသူများကို ဆက်လက်ဖြတ်သန်းစေရမည်။

**၁၁။ သင့်ယာဉ်မထွက်မီ အချက်ပြမီးစိမ်းများ ပြောင်းလဲသွားသောအခါ သင်သည်-**

(က) သင်၏ ဘယ်၊ ညာသို့ ကြည့်ပါ။ **အဖြေ(က)**

(ခ) ချက်ချင်းအရှိန်တင်ပါ။

(ဂ) လက်ဆွဲဘရိတ်ကို လွှတ်လိုက်ပါ။

**၁၂။ မီးပွိုင့်ရှိသော လမ်းဆုံတစ်ခုကို ချဉ်းကပ်ရာ၌ မိုတ်တုတ်မီးဝါပြနေပါက သင်သည်-**

(က) စက်ရှိန်သတ်ပြီး ရပ်ရမည့် မျဉ်းကြောင်းမှာ ရပ်ပါ။ **အဖြေ(ဂ)**

(ခ) ယာဉ်ထိန်းရဲကိုစောင့်ပါ။ အဘယ့်ကြောင့်ဆိုသော် မီးပွိုင့်များပျက်နေ၍ ဖြစ်သည်။

(ဂ) ရှေ့၊ ဘယ်၊ ညာ ယာဉ်ကြောမျိုးစုံမှလာသောကားများကို သတိကြီးစွာ ကြည့်ပြီး ဆက်သွားပါ။

www.burmeseclassic.com

www.burmeseclassic.com



၃။ ညအချိန်၌ အကွေ့များနှင့် မီးပွိုင့်မရှိသော "တီ" ပုံသဏ္ဌာန်လမ်းဆုံ များကိုချဉ်းကပ်ဝင်ရောက်ချိန်တွင် သင့်အနေဖြင့် - အဖြေ(က)

(က) သင့်ယာဉ်၏ ရှေ့မီးကြီးများကို အနိမ့်အမြင့်ပြုလုပ်ခြင်းဖြင့် သင်ရှိနေမှုကို အခြားသော၏ ယာဉ်မောင်းများအား သတိပေးပါ။

(ခ) သင့်ယာဉ်၏ရှေ့မီးများကို အောက်စိုက်ချပေးခြင်းဖြင့် လာနေသောယာဉ်၏ ယာဉ်မောင်းများကို မျက်စိပြာခြင်းမဖြစ်စေပါ။

(ဂ) အကြိမ်အနည်းငယ်မျှဟွန်းသံပေးခြင်းဖြင့် သင်ရှိနေမှုကိုအခြားသော ယာဉ်မောင်းများအား သတိပေးပါ။

၄။ သင်သည် မီးပွိုင့်ရှိသောလမ်းဆုံတွင် လက်ဝဲဘက်သို့ချိုးကွေ့နေစဉ် လမ်းဖြတ်ကူးသူသည် သင်ချိုးကွေ့သောလမ်းရှိ အဖြူမျဉ်းကြောင်းများ ကြားဖြတ်လျှင် သင်သည်-

(က) လမ်းဖြတ်ကူးသူကို သတိပေးဖို့ရန် ဟွန်းသံပေးပါ။ အဖြေ(ဂ)

(ခ) ရပ်ပြီးနောက်မှဆက်ကွေ့ပါ။

(ဂ) လမ်းဖြတ်ကူးသူတို့ ဖြတ်ကူးမပြီးမချင်းဆက်မသွားပါနဲ့။

## (၆) မှိုင်နှုန်း/အရှိန်

၁။ ယာဉ်မောင်းနှင်နေစဉ် အမြန်နှုန်းမြင့်လာချိန်၌ သင်၏ အမြင်အာရုံအခြေ အနေသည်-

(က) တိုးတက်လာသည်။ အဖြေ(ခ)

(ခ) လျော့ကျသွားသည်။ (ဂ) မပြောင်းလဲဘဲရှိသည်။

၂။ သင့်ယာဉ် အမြန်နှုန်းပြောင်းလဲရန် သင်၏ဆုံးဖြတ်ချက်အခြေခံရမည်မှာ- အဖြေ(ဂ)

(က) လမ်းပုံသဏ္ဌာန်နှင့်အကျယ်အဝန်း၊

(ခ) လမ်းမျက်နှာပြင်နှင့် အန္တရာယ်အနေအထား၊

(ဂ) (က)နှင့် (ခ) ၂ခုစလုံး၊

၃။ တည်ငြိမ်သည့်အရှိန်နှုန်းကို ....ရရှိမည်ဖြစ်ပါသည်။ အဖြေ(ဂ)

(က) ဂီယာနံပါတ်(၂)ကို ထိုးသည့်အခါ၊

(ခ) ဂီယာကို neutral (ဖရီး) အနေအထားတွင် ထားသည့်အခါ၊

(ဂ) ဂီယာနံပါတ်(၄) သို့မဟုတ် (၅) ကို ထိုးသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com


၄။ **နောက်တွဲပါသောယာဉ်(သို့)မီးလောင်ဖေါက်ကွဲတတ်သောပစ္စည်းများ တင်ဆောင်သော ယာဉ်အတွက် အမြန်နှုန်းကိုမြို့၏ နယ်နိမိတ်အတွင်း၌ ...... နှုန်းဖြင့်မောင်းရမည်**

(က) တစ်နာရီလျှင် ၃၅မိုင်၊ (၅၆ ကီလိုမီတာ)၊ အဖြေ(ဂ)

(ခ) တစ်နာရီလျှင် ၃၀မိုင်၊ (၄၈ ကီလိုမီတာ)၊

(ဂ) တစ်နာရီလျှင် ၂၀မိုင်၊ (၃၂ ကီလိုမီတာ)၊

၅။ **မြို့တွင်းလမ်းများပေါ်တွင် အမြန်နှုန်းကန့်သတ်ထားသောသင်္ကေတများ မရှိသောအခါ သင်မောင်းနိုင်သောအမြင့်ဆုံးအမြန်နှုန်းသည် ...... ဖြစ်သည်။ အဖြေ(က)**

(က) တစ်နာရီလျှင် ၃၀မိုင်၊ (၄၈)ကီလိုမီတာ၊

(ခ) တစ်နာရီလျှင် ၄၃မိုင်၊ (၇၀)ကီလိုမီတာ၊

(ဂ) တစ်နာရီလျှင် ၅၅မိုင်၊ (၉၀)ကီလိုမီတာ၊

၆။ **သင့်မော်တော်ယာဉ်၏ အရှိန်ကို အမြဲတစေ ဘာကြောင့်ထိန်းညှိထားရသနည်း။ အဖြေ(ဂ)**

(က) ယာဉ်ကြောအခြေအနေအားလုံးတွင်မောင်းနှင်ရာမှာ စိတ်ကျေနပ်မှုရရှိ စေရန်၊

(ခ) အခြေအနေပေါ်မူတည်၍ ချက်ချင်းတုံ့ပြန်နိုင်ရန်၊

(ဂ) သတိရှိစေရန်၊ ဆုံးဖြတ်မှုမှန်ကန်စေရန်နှင့် ယာဉ်ကြော အပြောင်းအလဲများကို တုံ့ပြန်နိုင်စေရန်၊

၇။ **နှစ်စက္ကန့်စည်းမျဉ်းသည်....အကျိုးသက်ရောက်စေသည်။ အဖြေ(ခ)**

(က) တူညီသောအရှိန်နှင့် သွားနေသည့် ယာဉ်များအတွက်သာ၊

(ခ) မည်သည့်အရှိန်နှင့်မဆို သွားနေသော ယာဉ်များအတွက်၊

(ဂ) တစ်နာရီလျှင် (၆၀)ကီလိုမီတာ သွားနေသောယာဉ်များအတွက်၊

၈။ **အရှိန်များလာချိန်တွင် သင်၏အမြင်အာရုံအခြေအနေသည်- အဖြေ(ခ)**

(က) တိုးတက်လာသည်။ (ခ) လျော့ကျသွားသည်။ (ဂ) မပြောင်းလဲဘဲရှိသည်။

## (၇) ရပ်ခြင်း၊ ရပ်ဆိုင်း၊ ရပ်နားခြင်းဆိုင်ရာလိုက်နာရမည့်အချက်များ

၁။ **ယာဉ်ရပ်နားရန် ကန့်သတ်ထားသောနေရာတွင် ရပ်နားခြင်းပြုထားပါက- အဖြေ(ခ)**

(က) ယာဉ်အား အပြီးသိမ်းဆည်းနိုင်သည်။

(ခ) ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူ၏ အစီအစဉ်ဖြင့် သင့်လျော်သောနေရာသို့ ဖယ်ရှားခြင်း အတွက် ကုန်ကျစရိတ်ကို ယာဉ်ပိုင်ရှင် (သို့) ယာဉ်အတွက် တာဝန်ရှိသူ ကျခံရမည်၊

(ဂ) ယာဉ်မောင်းသူအား လိုင်စင်ပိတ်သိမ်းမည်။

www.burmeseclassic.com

www.burmeseclassic.com



**၂။ ညအချိန်လမ်းပေါ်တွင်ယာဉ်ရပ်လျှင်၊ ရပ်ဆိုင်းလျှင်၊ ရပ်နားလျှင်- အဖြေ(က)**

(က) ဘေးမီးငယ်များကို ဖွင့်ထားရမည်။ (ခ) အချက်ပြမီးများ ဖွင့်ထားရမည်။

(ဂ) နောက်မီးနှင့် ရှေ့မီး ဖွင့်ထားရမည်။

**၃။ မီးသတ်ယာဉ်စခန်း၊ မီးသတ်ရေပိုက်ခေါင်း၊ မီးသတ်ရေလှောင်ကန်နှင့် အောက်ပါ အကွာအဝေးအတွင်း ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရပါ- အဖြေ(ခ)**

(က) ၂၀ ပေ၊ (၆ မီတာ)၊ (ခ) ၂၃ ပေ၊ (၇ မီတာ)၊ (ဂ) ၂၅ ပေ၊ (၇.၆ မီတာ)၊

**၄။ အောက်ပါနေရာတွင် ယာဉ်ရပ်နားနိုင်သည်- အဖြေ(က)**

(က) လမ်းနံဘေးနှင့်ကပ်လျက်ရှိသော ယာဉ်ကြော၊ (ခ) ဘတ်စ်ကားမှတ်တိုင်အနီး၊

(ဂ) ရပ်ဆိုင်း(သို့မဟုတ်) ရပ်နားထားသောယာဉ်နှင့် ဘေးချင်းယှဉ်သည့်နေရာ၊

**၅။ အောက်ပါအခြေအနေတွင် ယာဉ်ကိုမောင်းရပ်၍ အန္တရာယ်ကာမှုမယော်ထွက်ရမည်။ အဖြေ(က)**

(က) လမ်းသွယ်မှလမ်းမပေါ်သို့မထွက်မီ(သို့)ဥပစာတစ်ခုအတွင်းမှ လမ်းပေါ်သို့မထွက်မီ၊

(ခ) မီးပွိုင့်တပ်ဆင်ထားသောလမ်းဆုံ၊ လမ်းခွတွင်ယာဉ်ကို ဖြတ်မမောင်းမီ၊

(ဂ) လူကူးမျဉ်းကြားနေရာ၌ လမ်းဖြတ်ကူးသူများ မရှိလျှင်၊

**၆။ ယာဉ်ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းပြုလျှင် လမ်းလက်ယာဘက် ဘေးသို့ကပ်၍ လက်ယာဘက်ဘီးများသည် လမ်းနံဘေးမှ .... အတွင်း ရှိရမည်။ အဖြေ(က)**

(က) ၁ ပေ ၆ လက်မ၊ (၀.၄ မီတာ)၊ (ခ) ၂ ပေ၊ (၀.၆ မီတာ)၊

(ဂ) ၁ ပေ၊ (၀.၃ မီတာ)၊

**၇။ သင်သည် လမ်းဆုံမှာ "ရပ်" သင်္ကေတတွေ့လျှင်- အဖြေ(က)**

(က) မဖြစ်မနေရပ်ရမည်။ (ခ) ရှေ့မှာ မီးပွိုင့်ရှိလျှင် ရပ်ဖို့လိုသည်။

(ဂ) သင်သည်ရပ်ဖို့မလိုပါ။ အဘယ့်ကြောင့်ဆိုသော် သင်္ကေတသည် ဖြတ်သန်းသွားလာသူများအတွက် ဖြစ်သည်။

**၈။ ကားတံခါးကို ဖွင့်လိုက်သည့်အချိန်မှာ သင့်အနေဖြင့်- အဖြေ(က)**

(က) အနီးဆုံးရှိ ယာဉ်သွားလာမှုအခြေအနေကို သတိထားရမည်။

(ခ) နောက်ကြည့်မှန်ကို ကြည့်ရမည်။

(ဂ) လက်ဆွဲဘရိတ်ကို သေချာစွာဆွဲထားခြင်း ဟုတ်/မဟုတ် စစ်ဆေးရမည်။

**၉။ ယာဉ်ရပ်နားရာတွင်မြေနှင်းကလပ်ပေါ်သို့ နောက်ကျချိန်မှနင်းလိုက်မိလျှင်- အဖြေ(ဂ)**

(က) ကားတိုက်မှုဖြစ်ပွားနိုင်သည်။ (ခ) ကားရုတ်တရက် ရပ်တန့်သွားမည်။

(ဂ) အင်ဂျင်ရပ်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com



**၀။ ရပ်တန့်နိုင်သော အကွာအဝေးသည်....ပေါ်တွင် မူတည်သည်။ အဖြေ(ဂ)**

(က) ကားအမြန်နှုန်း (ခ) လမ်းနှင့်ရာသီဥတုအခြေအနေ (ဂ) (က)နှင့် (ခ) နှစ်ခုစလုံး

**၁။ ယာဉ်တစ်စီး၏ရပ်တန့်နိုင်သောအကွာအဝေးမှာ- အဖြေ(က)**

(က) မူလအရှိန်နှင့်ပါသွားနိုင်သောအကွာအဝေးနှင့်ဘရိတ်အုပ်မိနိုင်သော အကွာအဝေး။

(ခ) မူလအရှိန်နှင့်ပါသွားနိုင်သော အကွာအဝေးနှင့် စဉ်းစားနေသော အချိန် အကွာအဝေး။

(ဂ) မူလအရှိန်နှင့်ပါသွားနိုင်သော အကွာအဝေးနှင့် ရပ်ရသော အချိန် အကွာအဝေး။

**၂။ မော်တော်ယာဉ်မျက်ကြောင်း အရောင်ပြန်သင်္ကေတကို ယင်းမော်တော် ယာဉ်၏နောက် ......ထားရှိရမည်။ အဖြေ(ဂ)**

(က) ၃၃ပေ၊ (၁၀မီတာ) ထက်မပိုသောနေရာတွင်၊

(ခ) ၄၉ပေ၊ (၁၅မီတာ) အကွာအဝေးတွင်၊

(ဂ) ၆၆ပေ(သို့)၆၆ပေထက်၊ (၂၀မီတာ(သို့)၂၀မီတာ)ထက် ပိုဝေးသော နေရာတွင်၊

**၃။ ယာဉ်ရပ်တန့်ထားချိန်ခြေနင်းကလပ်ကို မည်သည့်အချိန်တွင် ဖိချသင့်သနည်း။**

(က) အင်ဂျင်မလှုပ်ယမ်းမီအချိန်တွင်၊ **အဖြေ(က)**

(ခ) ယာဉ်ရပ်နားလျှင် ရပ်နားခြင်း၊

(ဂ) ခြေနင်းဘရိတ်ကို ဖိချလျှင် ဖိချခြင်း၊

**၄။ လမ်းပေါ်ကျွန်းအမှတ်အသားများပေါ်တွင် ယာဉ်ရပ်နားခွင့်ရှိပါ သလား။ အဖြေ(က)**

(က) လုံးဝရပ်နားခွင့်မရှိပါ။ (ခ) နေ့အချိန်များတွင် ရပ်နားနိုင်ပါသည်။

(ဂ) အများဆုံး မိနစ်၃၀အထိသာ ရပ်နားနိုင်ပါသည်။

**၅။ ညအချိန်ယာဉ်အား ခေတ္တရပ်နားလိုပါက- အဖြေ(က)**

(က) အလင်းရောင်ရှိသောနေရာ (သို့) မှောင်နေပါက ရပ်နားမီးများကိုထွန်း၍ ရပ်နားရမည်။

(ခ) ရှေ့မီးကြီးများကို ထွန်းထားရမည်။ (ဂ) လူသွားလမ်းပေါ်တွင် ရပ်နားရမည်။

**၆။ ယာဉ်အားရပ်နားခြင်း(သို့) ရပ်ဆိုင်းခြင်းပြုလုပ်မည်ဆိုပါက ဘတ်စ်ကား မှတ်တိုင် (သို့) ရထားလမ်းကူးနေရာနှင့်အနည်းဆုံး မည်မျှကွာဝေး ရမည်နည်း။ အဖြေ(ဂ)**

(က) ၆၅ပေ၊ (၂၀မီတာ)၊ (ခ) ၁၆၄ပေ၊ (၅၀မီတာ)၊ (ဂ) ၁၆ပေ ၆လက်မ၊ (၅မီတာ)၊

**၇။ ယာဉ်ကိုရပ်ချင်သောအခါ မည်သည့်ခြေနင်းပြားကိုနင်းရမည်နည်း။ အဖြေ(က)**

(က) ပထမဦးစွာ ဘရိတ်၊ ပြီးနောက် ကလပ်၊

(ခ) ပထမဦးစွာ ကလပ်၊ ပြီးနောက် ဘရိတ်၊

(ဂ) ပထမဦးစွာ ဘရိတ်၊ ပြီးနောက် လီဗာ၊

www.burmeseclassic.com

www.burmeseclassic.com



## (ဂ) အခြားယာဉ်၏နောက်မှ/ရှေ့မှလိုက်ခြင်း

**၁။ အခြားသောယာဉ်၏ နောက်မှမောင်းနေချိန်တွင်- အဖြေ(ဂ)**

(က) သင့်ယာဉ်၏ ရှေ့မီးများကို လက်ခနဲပြရမည်။

(ခ) သင့်ယာဉ်၏ စုံအချက်ပြမီးများကို ဖွင့်ထားသင့်ရမည်။

(ဂ) သင့်ယာဉ်၏ ရှေ့မီးများကို အောက်စိုက်ချထားရမည်။

**၂။ ရပ်ထားသောကားတစ်စီးသည် အချက်မပြဘဲ စတင်ထွက်ခွာရန် ပြင်ဆင်နေပါက သင့်အနေဖြင့်- အဖြေ(ဂ)**

(က) ချက်ချင်းရပ်လိုက်၍ လမ်းပေးပါ။

(ခ) အရှိန်မြှင့်၍ အလျှင်အမြန် ဖြတ်ကျော်လိုက်ပါ။

(ဂ) အရှိန်လျှော့ရန်ပြင်ဆင်၍ လိုအပ်ပါက ရပ်တန့်လိုက်ပါ။

**၃။ သင့်ယာဉ်ရှေ့မှ ဖြည်းဖြည်းသွားနေသော ဘတ်စ်ကားကို ကျော်သင့်သလား။ အဖြေ(ခ)**

(က) ကျော်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ဘတ်စ်ကားသည် ဖြည်းဖြည်း သွားသောကြောင့် သင့်ယာဉ်သည် လွယ်ကူစွာ ကျော်တက်နိုင်သည်။

(ခ) ဘတ်စ်ကားရှေ့တွင် မည်သည့်အရာရှိသည်ကို သင်မမြင်နိုင်လျှင် မည်သည့်အချိန်မှ ကျော်မတက်ပါနှင့်။

(ဂ) ကျော်တက်သင့်သည်။ ဘတ်စ်ကားအရှိန်မတင်ခင် ကျော်လိုက်ပါ။

**၄။ သင့်ရှေ့ရှိယာဉ်၏ ဘရိတ်မီးသည် ရုတ်တရက်လင်းသွားချိန်တွင်- အဖြေ(ဂ)**

(က) ဘရိတ်ကိုဆောင့်နင်းပါ။ (ခ) ချက်ချင်းကျော်တက်ပါ။

(ဂ) ချက်ချင်းအရှိန်လျှော့ချပြီး သတိနှင့် ရှေ့ဆက်သွားပါ။

**၅။ ကားကြီးတစ်စီး၏နောက်တွင် သင့်ကားကိုမောင်းမည်ဆိုပါက ထိုကား၏ နောက်တွင် သင်ထားရှိရမည့်အကွာအဝေးမှာ အခြားကားများနောက်တွင် မောင်းချိန်၌ထားရှိသည့် အကွာအဝေးထက်- အဖြေ(က)**

(က) ပိုများရမည်။ (ခ) ပိုနည်းရမည်။ (ဂ) ပုံမှန်သာရှိရမည်။

**၆။ အခြားယာဉ်၏နောက်မှမောင်းနှင်နေစဉ် သင့်အနေဖြင့် အဘယ်ကြောင့် သင့်ယာဉ်၏ ရှေ့မီးများကို အောက်စိုက်ချထားရမည်နည်း။ အဖြေ(က)**

(က) သင့်ယာဉ်၏ရှေ့မီးများကြောင့် ရှေ့မှယာဉ်မောင်းသူ၏ နောက်ကြည့်မှန်ကို အလင်း[illegible]စေရန်။

(ခ) သင့်ယာဉ်သည် နောက်မှလိုက်ပါနေကြောင်း ရှေ့ယာဉ်မှ ယာဉ်မောင်းသူသိစေရန်။

(ဂ) နောက်မှလိုက်ရန် အန္တရာယ်ကင်းသောအကွာအဝေးအနေအထားကို ထိန်းထားနိုင်စေရန်။

www.burmeseclassic.com

www.burmeseclassic.com



၇။ **သင့်ယာဉ်ရှေ့မှနှေးကွေးစွာသွားနေသော ဘတ်စ်ကားကို ကျော်တက်သင့်ပါသလား။**
**အဖြေ(ခ)**

(က) ကျော်တက်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် ဘတ်စ်ကားသည်နှေးနှေး သွားသောကြောင့် သင့်ယာဉ်သည် လွယ်ကူစွာ ကျော်တက်နိုင်သည်။

(ခ) ဘတ်စ်ကားရှေ့မှာဘာရှိတယ်ဆိုတာ သင်မမြင်နိုင်လျှင် ဘယ်တော့မှ ကျော်မတက်ပါနှင့်။

(ဂ) ကျော်တက်သင့်သည်။ ဘတ်စ်ကားအရှိန်မတင်ခင်ကျော်တက်လိုက်ပါ။

၈။ **သင်သည် မော်တော်ဆိုင်ကယ်တစ်စီး၏ရှေ့တွင် ကားမောင်းနေစဉ် စိတ်ချရသော လိုက်နာရမည့် အချက်မှာ–**
**အဖြေ(ခ)**

(က) ဟွန်းသံ မကြာခဏပေးပါ။

(ခ) သင်ရပ်လိုသည် (သို့) ချိုးကွေ့လိုသည်ကို အချက်ပြပါ။

(ဂ) ထိုဆိုင်ကယ်ကို ကျော်တက်ခွင့်မပြုပါ။

၉။ **ယာဉ်တစ်စီးချင်းရှေ့နောက်တန်းစီ ရပ်နားခွင့်ပြုထားသည့်နေရာတွင် ရပ်ထားသော ယာဉ်တစ်စီးနှင့် ဘေးချင်းယှဉ်၍ ရပ်နားနိုင်ပါသလား။**
**အဖြေ(က)**

(က) ရပ်နားခွင့်မရှိပါ။

(ခ) ပစ္စည်းလွှဲပြောင်းတင်ရန်အတွက် ရပ်နားနိုင်သည်။

(ဂ) ယာဉ်ကြောအား ပိတ်ဆို့ခြင်းမရှိပါက ရပ်နားနိုင်သည်။

၁၀။ **မျက်နှာချင်းဆိုင်မှ လာနေသောကားသည် သင့်ယာဉ်ကြောပေါ်သို့တက်လာပါက–**

(က) လက်ယာဘက်သို့ကပ်၍ အရှိန်လျှော့ကာ လိုအပ်လျှင်ရပ်လိုက်ပြီး ၎င်းယာဉ် ဖြတ်သန်း မောင်းနိုင်ရန် နေရာပေးလိုက်ပါ။
**အဖြေ(က)**

(ခ) ခြေနင်းဘရိတ်ပေါ် ချက်ချင်းနင်းချလိုက်ပါ။

(ဂ) သင်သွားနေသောလမ်းကြောင်း၏ လက်ဝဲဘက်သို့အတတ်နိုင်ဆုံး နီးနီးကပ် မောင်းလိုက်ပါ။

## (၉) မျက်နှာချင်းဆိုင်ယာဉ်နှင့်တိမ်းရှောင်ခြင်း

၁။ **မျက်နှာချင်းဆိုင် မောင်းနှင်သွားနေသောယာဉ်များသည် တစ်စီးနှင့် တစ်စီး ဖြတ်သန်းရာတွင်ဘေးတိုက်ကြား အကွာအဝေးသည်အနည်းဆုံး ....ရှိရမည်။ ထိုအကွာအဝေး မရှိနိုင်သည့် လမ်းကျဉ်းတွင်အရှိန်လျှော့ရမည်။**
**အဖြေ(ခ)**

(က) ၃ ပေ၊ (၁ မီတာ) ရှိရမည်။

(ခ) ၅ ပေ၊ (၁.၅ မီတာ) ရှိရမည်။

(ဂ) ၆ ပေ၊ (၁.၈ မီတာ) ရှိရမည်။

www.burmeseclassic.com

www.burmeseclassic.com



**၂။ မျက်နှာချင်းဆိုင်ယာဉ်ကြောမှမောင်းနှင်လာသောယာဉ်သည် လမ်းလယ်မျဉ်းကို ကျော်၍ သင့်ထံသို့ ဦးတည်လာနေပြီး သင်မှလည်းယာဉ်ကို ရပ်တန့်နိုင်သည့် အခြေအနေ မရှိပါက- အဖြေ(က)**

(က) ဘရိတ်ထိန်း၊ ဟွန်းတီး၊ ရှေ့မီးကြီးများဖြင့် အချက်ပြပြီး လက်ယာဘက်သို့ တိမ်းရှောင်နိုင်ရန် ပြင်ဆင်ရမည်။

(ခ) အရှိန်ကိုလျှော့ချပြီး မိမိယာဉ်ကြောအတိုင်းရှိနေရမည်။

(ဂ) မျက်နှာချင်းဆိုင် တစ်ဘက်ယာဉ်ကြောအတွင်းသို့ ဝင်ရောက်ရမည်။

**၃။ မျက်နှာချင်းဆိုင်ယာဉ်ကြောမှ ကားတစ်စီးသည် ရုတ်တရက်သင်၏ လမ်းကြောင်းကို ဖြတ်မောင်းပါက၊ သင့်အနေဖြင့်- အဖြေ(က)**

(က) အရှိန်လျှော့၍ လက်ယာဘက်သို့ ကပ်မောင်းလိုက်ပါ။ လိုအပ်ပါက ရပ်တန့်လိုက်ပါ။

(ခ) ဟွန်းသံကျယ်ကျယ်ပေး၍ ထိုကားဆီသို့ မီးထိုးလိုက်ပါ။

(ဂ) ဘယ်ဘက်သို့ မောင်း၍ ထိုကားကိုဖြတ်သန်းခွင့်ပြုလိုက်ပါ။

## (၁၀) မညီညာသောလမ်း/ရေလွှမ်းသောလမ်း/စိုစွတ်သောလမ်းတွင် မောင်းနှင်ခြင်း

**၁။ မညီညာသောလမ်းမျက်နှာပြင်ပေါ်၌ မောင်းနှင်စဉ် အောက်ပါအချက်များအား လုပ်ဆောင်သင့်ပါသည်- အဖြေ(က)**

(က) ရုတ်တရက်ချိုးကွေ့ခြင်းမှ ရှောင်ရှားခြင်း၊

(ခ) မြန်မြန်အရှိန်မြှင့်ပြီး ဖြတ်မောင်းခြင်း၊

(ဂ) စတီယာရင်ဘီးကို မြဲမြံစွာမကိုင်ခြင်း၊

**၂။ သဲထူသော (သို့) ခဲ၊ ကျောက်စရစ်ထူသော လမ်းမျက်နှာပြင်ပေါ်တွင် လမ်းချော်မှုမှ ကာကွယ်ရန် သင့်အနေဖြင့်- အဖြေ(ခ)**

(က) ဂီယာနံပါတ်အမြင့်သို့ပြောင်းပြီး အရှိန်မြှင့်ပါ။

(ခ) ဘရိတ်နင်းခြင်း၊ လှည့်ခြင်းစနစ်ကိုသုံးပါ။

(ဂ) စတီယာရင်ဘီးကို ညာဘက် (သို့) ဘယ်ဘက်သို့လှည့်ပါ။

**၃။ သဲထူထပ်သောလမ်းမျက်နှာပြင်ပေါ် ဖြတ်မောင်းသောအခါ သင်မည်သည့် ဂီယာသို့ ပြောင်းသင့်သနည်း။ အဖြေ(ခ)**

(က) ဂီယာနံပါတ်အမြင့်သို့ပြောင်းပါ။ (ခ) ဂီယာနံပါတ်အနိမ့်သို့ပြောင်းပါ။

(ဂ) မူလမောင်းနှင်နေသည့်ဂီယာဖြင့် အရှိန်မြှင့်မောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



၄။ စိုနေသောလမ်းတွင်ရပ်တန့်နိုင်သော အကွာအဝေးသည် ခြောက်သွေ့သောလမ်းတွင် ရပ်တန့်နိုင်သောအကွာအဝေး- **အဖြေ(ဂ)**

(က) နှင့်တူညီသည်။ (ခ) ၏တဝက်ဖြစ်သည်။ (ဂ) ထက်အများကြီးပို၍လိုအပ်သည်။

၅။ **စိုစွတ်သောမျက်နှာပြင်တွင် အရှိန်မြင့်ခြင်းသည်-** **အဖြေ(က)**

(က) တာယာကြောင့် ရေစင်ထွက်မှုပမာဏ များစေသည်။

(ခ) စည်းကမ်းဖောက်ဖျက်ခြင်းဖြစ်သည်။

(ဂ) သင်သွားလိုရာနေရာသို့ အမြန်ရောက်နိုင်ရန်ကူညီပေးသည်။

၆။ **မောင်းနေသောယာဉ်များအကြား ရှိရမည့်အကွာအဝေးမှာ-** **အဖြေ(ခ)**

(က) စိုစွတ်သောလမ်းနှင့်ခြောက်သွေ့သော လမ်းများအတွက်အတူတူပင် ဖြစ်သည်။

(ခ) ခြောက်သွေ့သောလမ်းများထက် စိုစွတ်သောလမ်းများတွင်ပိုမိုလိုအပ်သည်။

(ဂ) စိုစွတ်သောလမ်းများအတွက် အနည်းငယ်သာလိုအပ်သည်။

၇။ **လမ်းရေကျော်နေသောနေရာ၌မောင်းနှင်ပြီးနောက် သင်လုပ်သင့်သည်မှာ**

(က) ဘရိတ်ခြေနင်းပြားကို နင်းလိုက်၊ လွှတ်လိုက် ပြုလုပ်ပါ။ **အဖြေ(က)**

(ခ) လက်ဆွဲဘရိတ်ဆွဲပြီး ဘရိတ်ရှူးခြောက်သွေ့ရန်ခဏစောင့်ပါ။

(ဂ) ခြောက်သွေ့သောနေရာတွင်ကားရပ်ပြီးဘရိန်ရှူးများခြောက်အောင်လုပ်ပါ။

၈။ **လမ်းပေါ်ရေကျော်နေသောနေရာကို ချဉ်းကပ်သောအခါ-** **အဖြေ(ဂ)**

(က) အရှိန်လျှော့ပြီး ဂီယာဖရီးထိုးပါ။

(ခ) အရှိန်မြှင့်ပြီး ဂီယာနံပါတ်အမြင့်သို့ ပြောင်းပါ။

(ဂ) အရှိန်လျှော့ပြီး ဂီယာနံပါတ်အနိမ့်ပြောင်းပါ။

၉။ **စိုစွတ်နေသောလမ်းပေါ်တွင် သင့်ကားရှေ့သို့လမ်းချော်သွားလျှင် သင့်အနေဖြင့်-**

(က) ဘရိတ်ကို မိမိရရနင်းပါ။ **အဖြေ(ဂ)**

(ခ) အရှိန်မြှင့်၍ သင့်ကားကို အတတ်နိုင်ဆုံးထိန်းထားပါ။

(ဂ) မော်တော်ကားကို အရှိန်လျှော့ကာ ကားစတီယာရင်ကိုထိန်းထားပါ။

၁၀။ **စိုစွတ်နေသောလမ်းပေါ်တွင် ပုံမှန်မောင်းနှင်နှုန်းအောက်-** **အဖြေ(ခ)**

(က) ၁၀% လျှော့ကာ မောင်းနှင်ရမည်။

(ခ) အနည်းဆုံး ၅၀% လျှော့ကာ မောင်းနှင်ရမည်။

(ဂ) အနည်းဆုံး ၂၀% လျှော့ကာ မောင်းနှင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၁။ စိုစွတ်သောရာသီဥတုအခြေအနေတွင်–** **အဖြေ(က)**

(က) ရပ်တန့်ရန်အချိန်နှင့် အကွာအဝေးမှာ သာမန်အခြေအနေထက်ပို၍ လိုအပ်သဖြင့် အရှိန်လျှော့ချမောင်းနှင်ရမည်။

(ခ) ရပ်တန့်ရာ၌ ခြောက်သွေ့သော ရာသီဥတုအခြေအနေနှင့် တူညီမှုရှိပါသည်။

(ဂ) ပိုမိုကောင်းမွန်စွာထိန်းချုပ်နိုင်သဖြင့် ပိုမိုမြန်ဆန်စွာမောင်းနှင်နိုင်သည်။

**၁၂။ စိုစွတ်သော ရာသီဥတုအခြေအနေတွင် ရှေ့မြင်ကွင်းကန့်သတ်ချက် ဖြစ်ပေါ်ပါက–** **အဖြေ(က)**

(က) ရှေ့မီးကြီးများကိုဖွင့်၊ အရှိန်အားလျှော့ချပြီး ရှေ့မှယာဉ်နှင့် အကွာအဝေးကို သာမန်အခြေအနေထက် ၂ဆပို၍ ခွာထားရမည်။

(ခ) ရှေ့မီးကြီးများကို မြှင့်ထားရမည်။

(ဂ) မီးကြီးများကို ဖွင့်လိုက်ပိတ်လိုက်လုပ်၍ အခြားယာဉ်များကို သတိပေးရမည်။

**၁၃။ ချော်နှာပြင်ချောသောလမ်းတွင် ယာဉ်ကို မောင်းနှင်ပါက–** **အဖြေ(က)**

(က) ရပ်တန့်ရန်အတွက် အချိန်နှင့်အကွာအဝေးမှာ သာမန်အခြေအနေထက်ပို၍လိုအပ်သည်။

(ခ) လက်ကိုင်ကို ထိန်းသိမ်းရသည်မှာ သာမန်အခြေအနေထက်ပို၍ လေးလံသည်။

(ဂ) ယာဉ်ကိုထိန်းသိမ်းရသည်မှာ သာမာန်အခြေအနေထက်ပို၍လေးလံသည်။

**၁၄။ စိုစွတ်သောလမ်းပေါ်တွင် အရှိန်မြင့်ဘရိတ်အုပ်ခြင်းကို အဘယ်ကြောင့် မပြုလုပ်သင့်သနည်း။** **အဖြေ(က)**

(က) ဘီးများလျှောပါလျက်မထိန်းနိုင်မသိမ်းနိုင်အခြေအနေကို ဖြစ်ပေါ်စေနိုင်သဖြင့်၊

(ခ) ဘေးလူသွားလမ်းပေါ်ရှိ ခြေကျင်လျှောက်သူများအား ရေစင်စေနိုင်သဖြင့်၊

(ဂ) လက်ဆွဲဘရိတ်ကို အသုံးပြု၍မရနိုင်သဖြင့်၊

**၁၅။ လမ်းပေါ်ရေကျော်နေသောနေရာသို့ ချဉ်းကပ်သောအခါ–** **အဖြေ(ဂ)**

(က) အရှိန်လျှော့ပြီး ဂီယာဖရီး ထိုးပါ။

(ခ) အရှိန်မြှင့်ပြီး ဂီယာနံပါတ်အမြင့်သို့ ပြောင်းပါ။

(ဂ) အရှိန်လျှော့ပြီး ဂီယာနံပါတ်အနိမ့်ပြောင်းပါ။

**၁၆။ မိုးရေသည် လမ်းချော်နှာပြင်ကို ချော်စေသည်။ ထို့ကြောင့်–** **အဖြေ(ဂ)**

(က) တာယာသစ်များလိုအပ်သ ည်။

(ခ) ဈေးကြီးသောတာယာများ အသုံးပြုရန်လိုအပ်သည်။

(ဂ) တာယာကုပ်နိုင်မှုစွမ်းအား လျော့ကျစေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၁) ဘီး/တာယာ

**လေတင်းလွန်းသောတာယာများသည် လမ်းနှင့်ထိတွေ့ရာတွင်-** **အဖြေ(က)**

(က) လိုအပ်သည်ထက် ထိတွေ့မှုနည်းမည်။

(ခ) လိုအပ်သည်ထက် ထိတွေ့မှုများမည်။

(ဂ) ပုံမှန်တာယာအတိုင်းရှိမည်။

**တာယာပေါက်သောအခါ စတီယာရင်ကိုမြဲမြံစွာကိုင်ထိန်း၍ကားကို-** **အဖြေ(ဂ)**

(က) ရှေ့သို့ ဆက်မောင်းပါ။

(ခ) ယာဉ်၏ ဆွဲငင်ရာဘက်သို့ ဦးတည်ပါ။

(ဂ) ယာဉ်ဆွဲငင်ရာဘက်၏ ဆန့်ကျင်ဘက်သို့ ဦးတည်ပါ။

**တာယာကောင်းများသည်-** **အဖြေ(ခ)**

(က) စိုနေသောလမ်းပေါ်တွင် လမ်းမချော်ရန် အာမခံပေးသည်။

(ခ) စိုနေသောလမ်းပေါ်တွင် လမ်းမချော်ရန် အာမခံမပေးပါ။

(ဂ) တာယာများသစ်နေမှသာ စိုနေသောလမ်းပေါ်တွင် လမ်းမချော်ရန် အာမခံပေးနိုင်သည်။

**နောက်တာယာပေါက်ချိန်ထက် ရှေ့တာယာပေါက်ချိန်တွင်ကား၏ ဘေးဘက်သို့ ဆွဲငင်မှုသည်-** **အဖြေ(ဂ)**

(က) အတူတူပင်ဖြစ်သည်။ (ခ) နည်းသည်။ (ဂ) ပိုများသည်။

**ဘီးပေါက်သွားပါက မည်ကဲ့သို့လဲနိုင်သနည်း။** **အဖြေ(က)**

(က) ဘီး၏ မူလီခေါင်းကိုလျှော့၍ ကားကိုဂျိုက်ထောက်၍ မြှင့်လိုက်ပါ။

(ခ) ကားကိုဂျိုက်ထောက်၍ဦးစွာမြှောက်ပြီး ဘီး၏မူလီခေါင်းကိုလျှော့လိုက်ပါ။

(ဂ) ဘီး၏မူလီခေါင်းကိုတင်း၍ကားကိုမြှောက်ကာ မူလီခေါင်းကိုလျှော့လိုက်ပါ။

**သင့်အနေဖြင့် သင့်ယာဉ်၏ တာယာများကို အောက်ပါအခြေအနေတွင် ပြောင်းလဲသင့်သည်-** **အဖြေ(ဂ)**

(က) တာယာတံဆိပ်သစ်စမ်းသုံးစေသည့်အခါ၊

(ခ) တာယာပေါ်ရှိ အရစ်အကြောင်းများကို မမြင်ရသောအခါ၊

(ဂ) တာယာပေါ်ရှိ အရစ်အကြောင်းများ၏ အမြင့် (တာယာပန်းအထု)သည် ၁.၆ မီလီမီတာထက် လျော့နည်းသောအခါ၊

www.burmeseclassic.com

www.burmeseclassic.com



**၇။ အကယ်၍ သင်မောင်းနေသောကား၏ ဘီးများအနက်မှ လက်ယာဘက် တစ်ဘီး (သို့) နှစ်ဘီးစလုံးလမ်းကိုကျော်၍ လမ်းနံဘေးသို့ ရောက်ရှိ သွားပါက သင်ပြုလုပ်သင့်သည်မှာ–** **အဖြေ(က)**

(က) အရှိန်ကို ဖြည်းညှင်းစွာလျှော့ချပြီး လမ်းပေါ်သို့ ပြန်တက်ရမည်။

(ခ) အရှိန်ကို အလျင်အမြန်လျှော့ချနိုင်ရန် ဘရိတ်ကို ချက်ချင်းနင်းရမည်။

(ဂ) အရှိန်မြှင့်တင်၍ လမ်းပေါ်သို့ ပြန်တက်ရမည်။

**၈။ ကားဘီးလေလျော့နေလျှင် ဘာဖြစ်ပွားနိုင်သနည်း။** **အဖြေ(က)**

(က) ကားသည် ဟိုဘက်ဒီဘက်လူပ်ယမ်းနေမည်။

(ခ) ကားသည် မျဉ်းဖြောင့်အတိုင်း ဆောင့်ထွက်သွားမည်။

(ဂ) ကားတုံ့ကန်ရပ်သွားသည်။

## (၁၂) မတော်တဆမှု

**၁။ ယာဉ်မတော်တဆမှုဖြစ်ပါက ထိခိုက်ဒဏ်ရာရသေဆုံးမှုမှ လျော့နည်းစေရန် ထိုင်ခုံခါးပတ်ကိုပတ်ရမည့်သူမှာ .....ဖြစ်သည်။** **အဖြေ(ဂ)**

(က) ယာဉ်မောင်းသာလျှင်၊

(ခ) ရှေ့ခရီးသည်နှင့် ယာဉ်မောင်းသာလျှင်၊

(ဂ) ယာဉ်မောင်းနှင့် ခရီးသည်အားလုံး၊

**၂။ မတော်တဆမှုဖြစ်ပွားရာသို့ ရဲရောက်ရှိသည်လာသည်အထိ စောင့်နေစဉ်အတွင်း သင့်အနေဖြင့် ဘာလုပ်သင့်သလဲ။** **အဖြေ(ဂ)**

(က) အခြေအနေကိုသိရှိနိုင်ရန် ယာဉ်များကို မရွှေ့ပါနှင့်။

(ခ) နောက်ထပ်မတော်တဆမှုမဖြစ်ပွားစေရန် ယာဉ်တိုက်မှုတွင်ပါဝင်နေသောယာဉ်များကို ရွှေ့ပါ။

(ဂ) မတော်တဆမှုတွင် ပါဝင်နေသောယာဉ်များသည် ဒဏ်ရာရသူကို ကယ်ဆယ် ရွှေ့ထုတ်ရာတွင် အဟန့်အတားဖြစ်စေလျှင် ၎င်းယာဉ်များကို နေရာရွှေ့ပါ။

**၃။ ယာဉ်မတော်တဆထိခိုက်မှုများဖြစ်ပွားရခြင်း၏ အကြောင်းရင်းရာနိုင်နှုန်း အများဆုံးမှာ ..... ဖြစ်သည်။** **အဖြေ(ဂ)**

(က) ရာသီဥတုနှင့် လမ်းအနေအထားကြောင့်၊

(ခ) လမ်းတားဆီးပိတ်ဆို့မှုများနှင့် လမ်းပြင်မှုများကြောင့်၊

(ဂ) လမ်းအသုံးပြုသူများကြောင့်၊

www.burmeseclassic.com

www.burmeseclassic.com

။ **သင်သည်ယာဉ်မတော်တဆထိခိုက်မှုတွင် ပါဝင်နေလျှင်သင့်အနေဖြင့်– အဖြေ(ခ)**

(က) မည်သူ့မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိလျှင် ယာဉ်ကိုမရပ်ပါနှင့်။

(ခ) မည်သူ့မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိသည့်တိုင်အောင် ယာဉ်ကိုရပ်ပါ။

(ဂ) ယာဉ်ထိန်းရဲကို အရင်ဆုံးခေါ်ပါ။

။ **မတော်တဆမှုဖြစ်ပွားရာသို့ ယာဉ်ထိန်းရဲရောက်ရှိလာသည်အထိ စောင့်နေ စဉ်အတွင်း သင့်အနေဖြင့် ဘာလုပ်သင့်သလဲ။ အဖြေ(ဂ)**

(က) အခြေအနေကို သိရှိနိုင်ရန် ယာဉ်များကို မရွှေ့ပါနှင့်။

(ခ) နောက်ထပ်မတော်တဆမှု မဖြစ်ပွားစေရန်ယာဉ်တိုက်မှုတွင် ပါဝင်နေသောယာဉ်များကိုရွှေ့ပါ။

(ဂ) မတော်တဆမှုတွင် ပါဝင်နေသောယာဉ်များသည် ဒဏ်ရာရသူကို ကယ်ဆယ် ရွှေ့ထုတ်ရာတွင် အဟန့်အတားဖြစ်စေလျှင် ၎င်းယာဉ်များ ကိုနေရာရွှေ့ပါ။

။ **အသက်အရွယ်ကြီးရင့်သူများသည် မတော်တဆယာဉ်တိုက်မှုများတွင် အဓိကဖြစ်လေ့ရှိခြင်းမှာ– အဖြေ(ခ)**

(က) ဆေးပညာ၏ သုတေသနပြုချက်အရဖြစ်သည်။

(ခ) ၎င်းတို့သည် လှုပ်ရှားမှုနှေးကွေးခြင်းကြောင့်ဖြစ်သည်။

(ဂ) ၎င်းတို့သည် မေ့တတ်ခြင်းကြောင့်ဖြစ်သည်။

## (၁၃) အချက်ပြခြင်း/ဟွန်းတီးခြင်း/မီးစသုံးပြုခြင်း

**မည်သည့်အချိန်တွင် ဟွန်းတီးရမည်နည်း။ အဖြေ(ခ)**

(က) လူအများ လမ်းတစ်ဘက်သို့ ကူးမည့်အခါ၊

(ခ) အခြားလူများကို အန္တရာယ်မဖြစ်အောင် သတိပေးသောအခါ၊

(ဂ) လမ်းဦးစားပေးရန် တိုက်တွန်းသောအခါ၊

**စုံအချက်ပြမီးကိုသုံးရမည့်အခြေအနေမှာ– အဖြေ(ဂ)**

(က) မီးပွိုင့်လမ်းဆုံတွင်ရပ်စဉ်၊ (ခ) မီးမထွန်းသောလမ်းပေါ်တွင်မောင်းနှင်စဉ်၊

(ဂ) သင်၏ယာဉ်ချို့ယွင်း၍ရပ်နေစဉ်၊

**မှန်ကန်သောအချက်ပြခြင်းကို ကြိုတင်အသုံးပြုခြင်းသည် အခြားလမ်း အသုံးပြု သူများကို ....ရရှိစေသည်။ အဖြေ(ဂ)**

(က) တုံ့ပြန်ဆောင်ရွက်ရန်အချိန်၊ (ခ)တုံ့ပြန်ဆောင်ရွက်ရန်အကွာအဝေး၊

(ဂ) (က)နှင့် (ခ) နှစ်ခုလုံး၊

www.burmeseclassic.com

www.burmeseclassic.com



**၄။ ရှေ့မီးကြီးများကြောင့် မျက်စိစာချင်းဆိုင်မှလာသော ယာဉ်မောင်းများ မျက်စိမစူး စေရန်အတွက်–** **အဖြေ(ဂ)**

(က) ရှေ့မီးကြီးများကို ဖွင့်လိုက်ပိတ်လိုက်လုပ်ပါ။

(ခ) ရှေ့မီးကြီးကို အနိမ့်အမြင့်ပြုလုပ်ပေးပါ။

(ဂ) ရှေ့မီးကြီးကို အောက်စိုက်ချပေးပါ။

**၅။ ညအချိန်၌သင့်ယာဉ်၏ရှေ့မီးများကို အောက်စိုက်ချထားခြင်းသည်–** **အဖြေ(ဂ)**

(က) ဘတ္တရီကို အချိန်ကြာကြာ အသုံးပြုနိုင်ပါသည်။

(ခ) ရှေ့မီးကြီး၏ အလင်းရောင်ပြန့်ခြင်းမှ ကာကွယ်ပေးပါသည်။

(ဂ) သင့်ရှေ့ရှိ ယာဉ်မောင်းကို မျက်စိပြာခြင်းမှ ကင်းဝေးစေပါသည်။

**၆။ သင့်ယာဉ်၏ နောက်မီးများ ချို့ယွင်းနေပါက–** **အဖြေ(ဂ)**

(က) နေ့အချိန်မှာသာ မောင်းသင့်ပါသည်။

(ခ) ဘယ်လိုဘဲဖြစ်ဖြစ် မောင်းရန် အဆင်ပြေပါသည်။

(ဂ) ယာဉ်ကို မောင်းနှင်လျှင် စည်းကမ်းဖောက်ဖျက်မှုတစ်ခုဖြစ်သည်။

**၇။ ဘတ္တရီသတိပေးမီးသည် .....ကို ညွှန်ပြသည်။** **အဖြေ(က)**

(က) အားသွင်းစနစ်သည် သင့်လျော်စွာအလုပ်မလုပ်သည်၊

(ခ) အက်ဆစ်ကုန်တော့မည့်အနေအထားဖြစ်သည်။

(ဂ) ဘတ္တရီ သက်တမ်းကုန်သည်။

**၈။ လာနေသောယာဉ်၏ ရှေ့မီးများကြောင့်သင့်မျက်လုံးပြာသွားမယ်ဆိုလျှင်–** **အဖြေ(ဂ)**

(က) သင့်ယာဉ်၏ ရှေ့မီးလုံးကြီးကိုဖွင့်ပြီး ယာဉ်မောင်းကိုအချက်ပြပါ။

(ခ) အခြားသောယာဉ်၏အာရုံစိုက်မှုရရန် သင့်ယာဉ်၏ရှေ့မီးများကိုဖွင့်လိုက်၊ ပိတ်လိုက်လုပ်ပါ။

(ဂ) ထိုးနေသောမီးအလင်းရောင်၏ လက်ယာဘက်ယွန်းယွန်းကို မဖြစ်စလောက်လေး ကြည့်ပါ။

**၉။ မည်သည့်အချိန်တွင် ဟွန်းသံပေးရမည်နည်း။** **အဖြေ(ခ)**

(က) လူအများလမ်းတစ်ဘက်သို့ ကူးမည့်အနေအထားတွင်၊

(ခ) အခြားလူများကို အန္တရာယ်မဖြစ်အောင်သတိပေးသောအခါ၊

(ဂ) မိမိကိုလမ်းဦးစားပေးစေလိုသောအခါ၊

www.burmeseclassic.com

www.burmeseclassic.com



**၁၀။ ညအခါရှေ့မီးရောက်နိုင်သော အကွာအဝေးထက်ပို၍မောင်းခြင်းသည် အန္တရာယ်ဖြစ်စေသည်၊ ပို၍မောင်းခြင်းဆိုသည်မှာ သင်မောင်းနေသော အရှိန်ကို ဆိုလိုခြင်းဖြစ်ပါသည်၊ အဖြေ(ခ)**

(က) သတိမူမိနေရသည့်အကွာအဝေးသည် အရေးပေါ်ရပ်ရန်လိုအပ်သော အကွာအဝေးထက် ပိုရှည်သောကြောင့်ဖြစ်သည်။

(ခ) သတိမူမိနေရသော အကွာအဝေးသည် အရေးပေါ်ရပ်ရန် လုံလောက်သော အကွာအဝေး မရှိသောကြောင့်ဖြစ်သည်။

(ဂ) သင်တုံ့ပြန်နိုင်သောအကွာအဝေးသည် အရေးပေါ်ရပ်ရန် လုံလောက်သော အကွာအဝေးထက် ပိုရှည်သောကြောင့်ဖြစ်သည်။

**၁၁။ ညအချိန်ရှေ့မီးကြီးများကိုမြင့်၍ မောင်းနှင်နေရာမှ မည်သည့်အချိန်တွင် ရှေ့မီးကြီးများကို အောက်သို့နှိမ့်ပေးရမည်နည်း။ အဖြေ(က)**

(က) မိမိရှေ့မှ မောင်းနှင်နေသော ယာဉ် (သို့) မျက်နှာချင်းဆိုင်မှမောင်းလာ သောယာဉ်သည် မီတာ(၂၀၀) အကွာအဝေးသို့ ရောက်ရှိလာပါက၊

(ခ) မျက်နှာချင်းဆိုင်မှမောင်းနှင်လာသောယာဉ်သည် မီတာ(၂၀၀) အကွာအဝေးသို့ ရောက်ရှိလာပါက၊

(ဂ) မည်သည့်အချိန်မှ ရှေ့မီးကြီးများကို အောက်သို့နှိမ့်ပေး၍ မမောင်းရ။

**၁၂။ မှန်ကန်သောကြိုတင်အချက်ပြခြင်းသည် အခြားလမ်းအသုံးပြုသူများကို- အဖြေ(ဂ)**

(က) တုံ့ပြန်ဆောင်ရွက်ရန် အချိန်ရစေသည်။

(ခ) တုံ့ပြန်ဆောင်ရွက်ရန် အကွာအဝေးရရှိစေသည်။

(ဂ) (က) နှင့် (ခ) နှစ်ခုလုံး

**၁၃။ လက်ဝဲဘက်အချက်ပြမီးကို အောက်ပါအခြေအနေအတွက် အသုံးပြုရမည်- အဖြေ(က)**

(က) လက်ဝဲဘက်သို့ ကပ်မည် (သို့) ကွေ့မည်။

(ခ) ကျော်တက်နိုင်သည်။ (ဂ) ရပ်မည်။

**၁၄။ ညအချိန်မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသောယာဉ်၏ ရှေ့မီးကြီးများသည် သင်၏ အမြင်အာရုံအား အနှောင့်အယှက်ဖြစ်ပေါ်စေပါက- အဖြေ(က)**

(က) အမြင်အာရုံ ပုံမှန်ဖြစ်သည်အထိ ယာဉ်၏ အရှိန်ကို လျှော့ချထားရမည်။

(ခ) လမ်းလယ်မျဉ်းကို ကြည့်၍ မောင်းရမည်။

(ဂ) အမြင်အာရုံပုံမှန်ဖြစ်စေရန် မျက်လုံးကို ခေတ္တပိတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၅။ သင့်ယာဉ်၏ရှေ့မီးများကို မဖြစ်မနေဖွင့်ထားရမည့်အချိန်သည်- အဖြေ(ခ)**

(က) မနက်(၆)နာရီမှ နောက်တစ်နေ့မနက် (၆)နာရီထိ၊

(ခ) ည (၆)နာရီမှ မနက်(၆)နာရီအတွင်း၊

(ဂ) မနက်(၆)နာရီမှ ည(၆)နာရီထိ၊

**၁၆။ သင့်ယာဉ်၏ ရှေ့မီးကြီးကိုသုံးရမည့်အချိန်သည်....ဖြစ်သည်။ အဖြေ(က)**

(က) မြင်ကွင်းသည် မှုန်ဝါးနေသောအခါ၊

(ခ) မြင်ကွင်းမှုန်ဝါးနေချိန်တွင် အကွေ့များသို့ ချဉ်းကပ်ဝင်ရောက်သောအခါ၊

(ဂ) သင့်ကိုမြင်စေချင်သောအခါ၊

**၁၇။ အောက်ဖော်ပြပါလုပ်ဆောင်ချက်များ၌ မည်သည့်လုပ်ဆောင်ချက်သည် မှန်ကန်သနည်း။ အဖြေ(ခ)**

(က) ဟွန်းကို လုံးဝမသုံးသင့်ပါ။

(ခ) မတော်တဆမှုဖြစ်ပွားခြင်းကို ကာကွယ်ရန် ဟွန်းသံပေးပါ။

(ဂ) အထူးသဖြင့် ယာဉ်ကြောရှုပ်ထွေးနေချိန်၌ ဟွန်းသံပေးပါ။

## (၁၄) အပူချိန်လွန်ကဲခြင်း

**၁။ အပူချိန်ပြဂိတ်တွင် လက်တံသည် အနီရောင်အစိတ်အပိုင်းကို ညွှန်ပြ နေခြင်းသည်-**

(က) အင်ဂျင်ပိုင်ကုန်ခမ်းသွားခြင်းကိုပြသည်။ **အဖြေ(ဂ)**

(ခ) အင်ဂျင်ပိုင်အပူလွန်ကဲမှုကိုပြသည်။

(ဂ) အင်ဂျင်အပူလွန်ကဲမှုကိုပြသည်။

**၂။ ကားအင်ဂျင်သည် အပူလွန်သွားသည်။ သင့်အနေဖြင့်- အဖြေ(ခ)**

(က) ကားရပ်လိုက်၍ စက်ဖိတ်ကာ ချက်ချင်းပင်အပူထိန်းကိရိယာကို ရပ်တန့်စေလိုက်ပါ။

(ခ) လမ်းဘေးတွင် အမြန်အင်ဂျင်ရပ်လိုက်ပါ။ အင်ဂျင်ကို အေးစေပြီး နောက်မှ သာလျှင် အပူထိန်းကိရိယာကို ရပ်တန့်စေလိုက်ပါ။

(ဂ) အနီးဆုံး ဝပ်ရှော့သို့ အမြန်ဆုံးမောင်းနှင်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## (၁၅) ဦးစားပေးခြင်း

**၁။ တူညီလမ်းဆုံတွင်ယာဉ်နှစ်စီးတစ်ပြိုင်နက်တည်းရောက်ရှိပါက မည်သည့် ယာဉ်ကို ဦးစားပေးဖြတ်ကျော်ခွင့်ပြုရမည်နည်း။** **အဖြေ(က)**

(က) မိမိလက်ယာဘက်မှယာဉ်၊ (ခ) မိမိလက်ဝဲဘက်မှယာဉ်၊ (ဂ) ကွေ့မည့်ယာဉ်၊

**၂။ သင်ယာဉ်မောင်းနေစဉ် အရေးပေါ်ယာဉ်တစ်စီး၏ အချက်ပြဥဩသံကို ကြားလျှင် သင့်အနေဖြင့်–** **အဖြေ(က)**

(က) မိမိယာဉ်ကို လမ်းနံဘေးသို့ကပ်၍ ရပ်ထားရမည်။

(ခ) အရှိန်တင်၍ လမ်းဘေးသို့ ထိုးဆင်းလိုက်ရမည်။

(ဂ) အရှိန်လျှော့၍ လက်ယာဘက်သို့ ကပ်မောင်းကာ လမ်းပေးရမည်။

**၃။ သင့်ကား၏နောက်တွင် ရေးပေါ်ကားတစ်စီးကိုတွေ့လျှင် လက်ယာဘက်သို့ ကပ်ပေးမည်လား–** **အဖြေ(ခ)**

(က) မိမိထံသို့ မီးထိုးလာလျှင် ကပ်ပေးမည်။

(ခ) အချက်ပြအသံပေးလျှင် ကပ်ပေးမည်။

(ဂ) ကပ်မပေးပါ။ အရှိန်မြှင့်၍ မောင်းနှင်မည်။

**၄။ သင်သည် "ဦးစားပေး"သင်္ကေတကို လမ်းဆုံတွင်တွေ့ရသောအခါ– အဖြေ(ခ)**

(က) ဦးစားပေးရန် အမြဲရပ်ပေးရမည်။

(ခ) အရှိန်လျှော့ပြီး ရှေ့လမ်းကြောင်းရှင်းလျှင် ဆက်သွားပါ။

(ဂ) လမ်းမှန်နေပါက အရှိန်မြှင့်ပါ။

**၅။ သာမန်အားဖြင့် အရေးကြီးယာဉ်တစ်စီး၏ အချက်ပေးဥဩသံကိုကြားရပါက–**

(က) လက်ယာဘက်သို့ ကပ်၍ ကျော်တက်ခွင့်ပြုရမည်။ **အဖြေ(က)**

(ခ) ချက်ချင်းရပ်ရမည်။

(ဂ) ကျော်တက်ခွင့်ပြုပြီးမှငင်းနောက်မှကပ်လျက် ဆက်လက်မောင်းနှင်ရမည်။

## (၁၆) ကုန်းဆင်း/တက်၊ တောင်တက်/ဆင်းလမ်း

**၁။ သင်သည် တောင်တက်လမ်း၌ မောင်းနှင်နေစဉ် သင့်ရှေ့မှယာဉ်အား– အဖြေ(ဂ)**

(က) လမ်းကြောင်းသိနိုင်ရန် နောက်မှကပ်လိုက်ပါ။

(ခ) ကျော်တက်ပါ။ သို့မှသာ တောင်ပေါ်တက်ဖို့ရန် လမ်းရှင်းမည်။

(ဂ) သင့်ရှေ့မှယာဉ်အား ကျော်မတက်ဘဲ အန္တရာယ်ကင်းသော ပကွာအဝေးခွာ၍ နောက်မှမောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



**၂။ ပြေပြစ်သော ကုန်းဆင်းတွင်မောင်းနှင်သောအခါ- အဖြေ(ခ)**

(က) ဂီယာနံပါတ်(၁) (သို့) ဂီယာနံပါတ်(၂) ထိုးသင့်သည်။

(ခ) ဂီယာနံပါတ်(၂) (သို့) ဂီယာနံပါတ်(၃) ထိုးသင့်သည်။

(ဂ) ဂီယာနံပါတ်(၄)မှသာလျှင် ထိုးသင့်သည်။

**၃။ သင့်ယာဉ်ကို ကုန်းဆင်းတွင် ရပ်တန့်ရာ၌ လိမ့်မဆင်းစေရန် လက်ဆွဲ ဘရိတ်ဆွဲပြီး ကြိုတင်ကာကွယ်မှုတစ်ခုအနေဖြင့်- အဖြေ(ဂ)**

(က) ဂီယာထိုးပါ။ (ခ) စတီယာရင်ကို လော့ချထားပါ။

(ဂ) ကားမလိမ့်စေရန် ကြမ်းတုံးခုပါ။

**၄။ တောင်ပေါ်လမ်းတွင်မောင်းနှင်သောအခါ ယာဉ်မောင်းသူသည် အောက်ပါ အတိုင်း လိုက်နာရမည်- အဖြေ(က)**

(က) အဆင်းနှင့်အတက်ယာဉ်များဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းယာဉ် သည် လမ်းလက်ယာဘက်ဘေးသို့ တတ်နိုင်သမျှကပ်၍ ရပ်ပေးပြီး အတက်ယာဉ်ကို ဦးစားပေးရမည်။

(ခ) အကယ်၍ အဆင်းနှင့်အတက်ယာဉ်များဆုံသည့်နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူ ခဲ့သော် အတက်ယာဉ်မှ ယာဉ်ကို နောက်ဆုတ်ပေးရမည်။

(ဂ) မည်သည့်အခြေအနေတွင်မဆို အတက်ယာဉ်အား ဦးစားပေးရမည်။

**၅။ ကုန်းတက်ပေါ်ကိုမမောင်းမီ၊ခြေနင်းလီဗာပေါ်တွင် သုံးရမည့်ဖိအားသည်- အဖြေ(ဂ)**

(က) ပုံမှန်ထက်နည်းရမည်။ (ခ) ပုံမှန်အတိုင်းရမည်။ (ဂ) ပုံမှန်ထက်ပိုရမည်။

**၆။ မတ်စောက်သောတောင်တက်လမ်းကို ချဉ်းကပ်သောအခါ အောက်ပါ အခြေအနေ တစ်ခုအား ပြုလုပ်ရမည်- အဖြေ(က)**

(က) တောင်တက်လမ်းပေါ်မတက်ခင် ဂီယာနံပါတ်(၁) (သို့) ဂီယာနံပါတ်(၂) ပြောင်းရန်၊

(ခ) တောင်တက်လမ်းပေါ်မတက်ခင် ဂီယာနံပါတ်(၃) (သို့) ဂီယာနံပါတ်(၄) ပြောင်းရန်၊

(ဂ) တောင်တက်လမ်းပေါ်တက်နေစဉ် ဂီယာနံပါတ်(၁) (သို့) ဂီယာနံပါတ်(၂) ပြောင်းရန်။

**၇။ တိုတောင်း၍ မတ်စောက်သော ကုန်းဆင်းကိုဆင်းရာတွင်- အဖြေ(က)**

(က) ဂီယာနံပါတ်(၃)၊ လက်ဆွဲဘရိတ်နှင့် ခြေနင်းဘရိတ်တို့ကို တစ်ပြိုင်တည်း အသုံးပြုပါ။

(ခ) ကြားဂီယာနှင့် ခြေနင်းဘရိတ် သုံးပါ။

(ဂ) ဂီယာနံပါတ်(၁)နှင့် ခြေနင်းဘရိတ်သုံးပါ။

www.burmeseclassic.com

www.burmeseclassic.com



**၈။ ဆင်ခြေလျှောတွင်မော်တော်ယာဉ်ရပ်ရာ၌ သင်အသုံးပြုရန်လိုအပ်သည်မှာ–**

(က) ခြေနင်းဘရိတ်ပေါ်တွင် ပုံမှန်ဖိအားသာဖိရန်၊ **အဖြေ(ခ)**

(ခ) ခြေနင်းဘရိတ်ပေါ်တွင် ပုံမှန်ဖိအားထက် ပို၍ဖိထားရန်၊

(ဂ) ခြေနင်းဘရိတ်ပေါ်တွင် ဖိအားအနည်းငယ်သာဖိရန်၊

**၉။ တောင်ပေါ်လမ်းမှ ဆင်းသောအခါ သင်သည်–** **အဖြေ(ဂ)**

(က) ကလပ်ခြေနင်းပြားကို နင်းပြီး သင့်ယာဉ်၏ အရှိန်ကိုလျှော့ပါ။

(ခ) ကလပ်ခြေနင်းပြားကို နင်းပြီး အင်ဂျင်ဘရိတ်သုံးပါ။

(ဂ) ကလပ်ခြေနင်းပြားကို လျှော့ပြီး အင်ဂျင်ဘရိတ်သုံးပါ။

**၁၀။ တောင်တက်လမ်း၌ မည်သည့်ယာဉ်သည် ဦးစားပေးနေရာရသနည်း။** **အဖြေ(က)**

(က) အတက်ယာဉ်၊ (ခ) အဆင်းယာဉ်၊ (ဂ) အခြေအနေပေါ်မူတည်သည့်ယာဉ်၊

**၁၁။ သင်၏ယာဉ်ကိုဆင်ခြေလျှောပေါ်တွင်ရပ်ရန် မည်သို့ဆောင်ရွက်မည်နည်း။**

(က) လက်ဆွဲဘရိတ်ကို ဖျတ်လတ်စွာ ဆွဲရပ်ရမည်။ **အဖြေ(ခ)**

(ခ) ခြေနင်းဘရိတ်ကို အရင်နင်းပြီး လက်ဆွဲဘရိတ်ကို ဆွဲရပ်ရမည်။

(ဂ) ခြေနင်းဘရိတ်ကိုပဲသုံးပြီး ပထမဂီယာကို ထိုးရမည်။

**၁၂။ ကုန်းတက်တစ်ခုကို တက်ရာတွင် လုပ်ဆောင်ရမည့် မှန်ကန်သည့်အနေ အထားမှာ–**

(က) အတက်တွင် အရှိန်လျှော့၍ အဆင်းတွင် အရှိန်မြှင့်လိုက်ပါ။ **အဖြေ(ခ)**

(ခ) အတက်တွင် အရှိန်မြှင့်၍ အဆင်းတွင် အရှိန်လျှော့လိုက်ပါ။

(ဂ) အတက်တွင်ရော အဆင်းတွင်ပါ အရှိန်လျှော့ပါ။

**၁၃။ သင့်ယာဉ်ကိုကုန်းတက်ပေါ်မျက်နှာမူ၍ ပါကင်ထိုးသောအခါ လက်ဆွဲ ဘရိတ်ကို ဆွဲရမည့်အပြင် သင်သည်–** **အဖြေ(က)**

(က) ဂီယာနံပါတ်(၁)ထိုးသင့်သည်။

(ခ) ဂီယာနံပါတ်(၄)ထိုးသင့်သည်။

(ဂ) နောက်ဆုတ်ဂီယာထိုးသင့်သည်။

**၁၄။ ပြေပြစ်သောကုန်းဆင်းပေါ်မှ ဆင်းသောအခါသင်သည်–** **အဖြေ(ခ)**

(က) ဂီယာနံပါတ် (၁) (သို့) ဂီယာနံပါတ် (၂) ထိုးသင့်သည်။

(ခ) ဂီယာနံပါတ် (၂) (သို့) ဂီယာနံပါတ် (၃) ထိုးသင့်သည်။

(ဂ) ဂီယာနံပါတ် (၄) သာလျှင် ထိုးသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၅။ သင့်ယာဉ်ကို ကုန်းဆင်းဘက်မျက်နှာမူ၍ ပါကင်ထိုးသောအခါ သင့်ယာဉ် ရှေ့ဘီးများကို– အဖြေ(က)

(က) လမ်းဘေးကပ်တိုးများ ရှိရာအတွင်းဘက်သို့လှည့်ထားသင့်သည်။

(ခ) လမ်းဘေးကပ်တိုးများ အပြင်ဘက်သို့လှည့်ထားသင့်သည်။

(ဂ) အတွင်းဘက် (သို့) အပြင်ဘက်သို့ လှည့်ထားသင့်သည်။

၁၆။ မတ်စောက်သောတောင်တက်လမ်းကို ချဉ်းကပ်သောအခါ သင်ပြောင်း သင့်သည် ဂီယာမှာ– အဖြေ(က)

(က) တောင်တက်လမ်းမတက်ခင် ဂီယာနံပါတ်(၁) (သို့) ဂီယာနံပါတ်(၂)၊

(ခ) တောင်တက်လမ်းမတက်ခင် ဂီယာနံပါတ်(၃) (သို့) ဂီယာနံပါတ်(၄)၊

(ဂ) တောင်တက်လမ်းတက်နေစဉ် ဂီယာနံပါတ်(၁) (သို့) ဂီယာနံပါတ်(၂)၊

၁၇။ ကုန်းမြင့်မှ ဆင်းသောအခါ သင်သည်– အဖြေ(ဂ)

(က) ကလပ်ခြေနင်းပြားကို နင်းပြီး သင့်ယာဉ်၏ အရှိန်ကို လျှော့ပါ။

(ခ) ကလပ်ခြေနင်းပြားကို နင်းပြီး အင်ဂျင်ဘရိတ်သုံးပါ။

(ဂ) ကလပ်ခြေနင်းပြားကို လျှော့ပြီး အင်ဂျင်ဘရိတ်သုံးပါ။

၁၈။ သင်သည် ကုန်းထိပ်နှင့်နီးသောအခါ သင်ဘာလုပ်သင့်သလဲ။ အဖြေ(ခ)

(က) အရှိန်ထပ်မြှင့်ပါ။

(ခ) အရှိန်လျှော့ပြီး လက်ယာဘက်ကပ်၍ လိုအပ်လျှင်ရပ်ပါ။

(ဂ) အရှိန်လျှော့ပြီး လက်ဝဲဘက်ကပ်ပါ။

၁၉။ ကုန်းတက်ကို တက်နေသောအခါ သင့်အနေဖြင့်– အဖြေ(ဂ)

(က) သင့်ယာဉ်၏မှန်များနှင့် ယာဉ်မောင်းသူအလွယ်တကူမမြင်ရသောနေရာများကို စစ်ဆေးခြင်း၊

(ခ) အမြဲတမ်းအချက်ပြခြင်း၊

(ဂ) (က) နှင့် (ခ)တွင် ဖော်ပြထားချက်နှစ်ခုလုံး၊

၂၀။ ကျဉ်းမြောင်းသော ကုန်းတက်ပေါ်တွင် မောင်းနှင်နေစဉ် ရုတ်တရက် စက်ရပ်သွားသောအခါ သင်ဘာလုပ်သင့်သနည်း။ အဖြေ(ခ)

(က) လက်ဆွဲဘရိတ်ကိုဆွဲပြီး အင်ဂျင်ကို နှိုးပါ။

(ခ) အင်ဂျင်ကိုမနှိုးမီခြေနင်းဘရိတ်ပေါ်ကိုနင်း၍ လက်ဆွဲဘရိတ်ကိုထိုးပြီး ဂီယာဇီးရိုး ပြောင်းပါ။

(ဂ) ယာဉ်သည်နောက်သို့ ပြန်လိမ့်နေစဉ် အင်ဂျင်ကိုနှိုးပါ။

www.burmeseclassic.com

www.burmeseclassic.com


၂၁။ **တောင်ပေါ်လမ်းမှဆင်းရာတွင် ခြေနင်းဘရိတ်သုံးမည့်အစား အင်ဂျင် ဘရိတ်သုံးခြင်းက......ကို ကာကွယ်ပေးသည်။** **အဖြေ(က)**

(က) ခြေနင်းဘရိတ်ကို အလွန်အကျွံသုံးခြင်း၊ (ခ) ပင်ပန်းနွမ်းနယ်မှု၊

(ဂ) အင်ဂျင်အပူလွန်ကဲခြင်း၊

၂၂။ **သင့်ယာဉ်ကို ကုန်းတက်ပေါ်တွင် အတက်ဘက်မျက်နှာမူ၍ ပါကင်ထိုးသောအခါ သင်ဘာလုပ်ရမည်နည်း။** **အဖြေ(က)**

(က) ရှေ့ဘီးများကို အပြင်ဘက်သို့ဦးတည်ထားပြီး ပထမဂီယာထိုးပါ (သို့) အော်တိုဂီယာကားများအတွက် "P" အနေအထားတွင် ဂီယာထိုးပါ။

(ခ) ရှေ့ဘီးများကိုအတွင်းဘက်သို့ ဦးတည်ထားပြီး နောက်ဆုတ်ဂီယာထိုးပါ။

(ဂ) ရှေ့ဘီးများကို အပြင်ဘက်သို့ ဦးတည်ထားပြီး နောက်ဆုတ်ဂီယာထိုးပါ။

၂၃။ **တောင်ပေါ်တက်နေသော ယာဉ်များအကြား ရှိသင့်သော စိတ်ချရသည့် အကွာအဝေးသည်-**

(က) ပုံမှန်လမ်းများပေါ်မှာ သွားသော အကွာအဝေးထက် ပိုနည်းသည်။ **အဖြေ(ခ)**

(ခ) ပုံမှန်လမ်းများပေါ်မှာ သွားသော အကွာအဝေးထက် ပိုများသည်။

(ဂ) ပုံမှန်လမ်းများပေါ်မှာ သွားသော အကွာအဝေးနှင့် အတူတူပင်ဖြစ်သည်။

၂၄။ **သင့်ယာဉ်ကိုကုန်းဆင်းဘက်မျက်နှာမူ၍ ပါကင်ထိုးသောအခါ လက်ဆွဲ ဘရိတ်ကို ဆွဲရမည့်အပြင် သင်သည် ...ကိုလည်း ထိုးထားရမည်။** **အဖြေ(ဂ)**

(က) ဂီယာနံပါတ် (၁)၊ (ခ) ဂီယာနံပါတ် (၄)၊ (ဂ) နောက်ဆုတ်ဂီယာ၊

## (၁၇) ဂီယာအသုံးပြုခြင်း

၁။ **လက်ရှိမောင်းနေသည့် ဂီယာနံပါတ်ဖြင့် ကောင်းမွန်စွာမောင်းနှင်နိုင်ခြင်း မရှိပါက သင့်အနေဖြင့်-** **အဖြေ(ခ)**

(က) ရပ်ပြီးမှ ကားကို ပြန်နှိုးပါ။

(ခ) ကျန်နေသေးသော ဂီယာနံပါတ်တစ်ဆင့်အနိမ့်သို့ ပြောင်းလဲပါ။

(ဂ) ပို၍ အရှိန်တင်ပါ။

၂။ **ရထားလမ်းကို ဖြတ်ကူး၍ မောင်းနှင်သောအခါ-** **အဖြေ(က)**

(က) ယာဉ်စထွက်သည့် ဂီယာနံပါတ်နိမ့်ဖြင့် ဖြတ်ရမည်။

(ခ) ဂီယာနံပါတ် အမြင့်ဖြင့် ဖြတ်ရမည်။

(ဂ) အဆင်ပြေသလို ဂီယာပြောင်းမောင်းနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ **ပြေပြစ်သောလမ်းကွေ့ကို ချဉ်းကပ်နေစဉ်သင်သည် ဂီယာကို အောက်ပါ အတိုင်း ပြောင်းသင့်သည်-** **အဖြေ(ခ)**

(က) ဂီယာနံပါတ် (၂)မှ ဂီယာနံပါတ် (၃)သို့၊

(ခ) ဂီယာနံပါတ် (၄)မှ ဂီယာနံပါတ် (၃)သို့၊

(ဂ) ဂီယာနံပါတ် (၄)မှ ဂီယာနံပါတ် (၅)သို့၊

၄။ **ဂီယာတစ်ဆင့်နိမ့်ပြောင်းပြီးအင်ဂျင်စွမ်းအားကိုလျော့ချလိုက်၍ ဘရိတ်အုပ်ခြင်းကို .....ဟု ခေါ်သည်။** **အဖြေ(ဂ)**

(က) ဘီးဘရိတ်အုပ်ခြင်း၊ (ခ) ကားဘရိတ်အုပ်ခြင်း၊ (ဂ) အင်ဂျင်ဘရိတ်အုပ်ခြင်း၊

၅။ **ဂီယာပြောင်းရာတွင် မည်သည့်အစိတ်အပိုင်းများကို ပူးတွဲအသုံးပြုရန် လိုအပ်သနည်း။**

(က) လက်ဘရိတ်၊ ခြေနင်းကလပ်နှင့် လီဗာ၊ (ခ)ခြေနင်းကလပ်နှင့် လီဗာ၊ **အဖြေ(ခ)**

(ဂ) ခြေနင်းကလပ်၊ လီဗာနှင့် အမှတ်အသားအညွှန်းများ၊

၆။ **လက်ဖြင့်ဂီယာထိုးရသောယာဉ်မျိုးတွင် ကလပ်သည်-** **အဖြေ(ဂ)**

(က) ယာဉ်၏ဘရိတ်ကဲ့သို့ပြုမူသည်။ (ခ) ယာဉ်၏အင်ဂျင်နှင့် ချိတ်ဆက်မပေးပါ။

(ဂ) ယာဉ်၏ အင်ဂျင်ကို ၎င်း၏ဘီးများနှင့် ချိတ်ဆက်ပေးသည်။

၇။ **ဂီယာနံပါတ်(၂)မှ ဂီယာနံပါတ်(၃)သို့ပြောင်းရာတွင် မည်သို့လုပ်ဆောင် ရမည်နည်း။**

(က) ခြေနင်းလီဗာကို နင်းပြီးနောက် ခြေနင်းကလပ်ကိုနင်းကာ ဂီယာပြောင်းပါ။ **အဖြေ(ဂ)**

(ခ) ခြေနင်းကလပ်ကို နင်းပြီး ခြေနင်းလီဗာကိုလွှတ်ကာ ဖြည်းညင်းစွာ ဘရိတ်ဆွဲပြီးနောက် ဂီယာပြောင်းပါ။

(ဂ) ခြေနင်းလီဗာကိုလွှတ်ပြီး တစ်ပြိုင်နက်တည်း ခြေနင်းကလပ်ကို နင်းကာ ဂီယာပြောင်းပါ။

၈။ **သင်သည်ဘယ်အချိန်တွင် ဂီယာနံပါတ်(၃)မှဂီယာနံပါတ်(၂)သို့ ပြောင်းသင့် သလဲ။**

(က) မတ်စောက်သော ဆင်ခြေလျှောပေါ်တွင် မောင်းစဉ်၊ **အဖြေ(ခ)**

(ခ) မတ်စောက်သော ဆင်ခြေလျှောပေါ် မတက်မီ၊

(ဂ) မတ်စောက်သော ဆင်ခြေလျှောပေါ်မှ ဆင်းပြီးနောက်။

၉။ **တစ်နာရီ ၇၀ ကီလိုမီတာနှုန်းဖြင့် သွားနေသောကားတစ်စီးတွင် အောက်ဖော်ပြပါ အတိုင်း ဂီယာပြောင်းလိုက်ပါက ပိုမိုထိရောက် ကောင်းမွန်စေနိုင်ပါသည်။**

(က) ဂီယာနံပါတ်(၅)မှ ဂီယာနံပါတ်(၄)သို့ ပြောင်းပါက၊ **အဖြေ(က)**

(ခ) ဂီယာနံပါတ်(၄)မှ ဂီယာနံပါတ်(၃)သို့ ပြောင်းပါက၊

(ဂ) ဂီယာနံပါတ်(၄)မှ ဂီယာနံပါတ်(၂)သို့ ပြောင်းပါက၊

www.burmeseclassic.com

www.burmeseclassic.com



**၁၀။ အလိုအလျောက်ဂီယာသုံးယာဉ်(အောက်တိုဂီယာ)တွင်...မရှိပါ-** **အဖြေ(ခ)**

(က) ဂီယာ၊ (ခ) ခြေနင်းကလပ်၊ (ဂ) ဂီယာနှင့် ခြေနင်းကလပ်၊

**၁၁။ လက်ရှိမောင်းနေသည့် ဂီယာနံပါတ်သည် ဆွဲအားမကောင်းတော့လျှင် သင့်အနေဖြင့်-**

(က) ရပ်ပြီးမှ ကားကို ပြန်နိုးပါ။ **အဖြေ(ခ)**

(ခ) ကျန်နေသေးသော ဂီယာနံပါတ်တစ်ဆင့်အနိမ့်သို့ပြောင်းလဲပါ။

(ဂ) ပို၍ အရှိန်တင်ပါ။

**၁၂။ ဂီယာကို "neutral"(ဇရိုး) အနေအထားတွင်ထားသည့်အခါ အင်ဂျင်စွမ်းအား သည်မည်ကဲ့သို့ ဖြစ်မည်နည်း။** **အဖြေ(က)**

(က) ကားဘီးများပေါ်သို့ မရောက်ရှိပါ။

(ခ) ဂီယာအုံဆီသို့ မရောက်ရှိပါ။

(ဂ) အင်ဂျင်စွမ်းအားသည် ဂီယာအုံနှင့်ဘီးသို့ ရောက်ရှိပါသည်။

## (၁၈) လီဗာအသုံးပြုခြင်း

**၁။ လီဗာကို တစ်ကြိမ်နင်းစဉ်တွင်-** **အဖြေ(ခ)**

(က) ပုံမှန်ဖိအားကို ထိန်းထားရမည်။

(ခ) လမ်းအနေအထားအရ အတိုးအလျှော့လုပ်၍ နင်းရမည်။

(ဂ) လိုချင်သောအရှိန်အနေအထား မရောက်မချင်း နင်းထားရမည်။

**၂။ ယာဉ်(၁)စီးအရှိန်မြှင့်ရန် သုံးသောခြေနင်းပြားသည်-** **အဖြေ(က)**

(က) လီဗာခြေနင်းပြားဖြစ်သည်။

(ခ) ဘရိတ်ခြေနင်းပြားဖြစ်သည်။

(ဂ) ကလပ်ခြေနင်းပြားဖြစ်သည်။

**၃။ ခြေနင်းလီဗာပေါ်တွင် နင်းပြီးအချိန်၌ လီဗာသည် အောက်မှပြန်မတက် လာပါက သင့်အနေဖြင့် -** **အဖြေ(ဂ)**

(က) ချက်ချင်း စက်ရပ်လိုက်ပါ။

(ခ) ထိုပေါ်တွင် အကြိမ်ကြိမ်နင်းလိုက်ပါ။

(ဂ) ခြေထောက်နှင့်ညှပ်၍ မတင်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၁၉) စတီယာရင်အသုံးပြုခြင်း

**၁။ စတီယာရင်လက်ကိုင်ဘီးခွေသည် မော်တော်ယာဉ်တစ်စီး၏ အဓိကကျသော အစိတ်အပိုင်းတစ်ခု ဖြစ်သဖြင့် –** **အဖြေ(ခ)**

(က) စတီယာရင်ကို ကောင်းမွန်အောင် အမြဲပြုပြင်ထိန်းသိမ်းစစ်ဆေးရမည်။

(ခ) မော်တော်ယာဉ်တည်ငြိမ်မှုရှိရန်နှင့် အချိန်အဆကိုဆောင်ရွက်ပေးသည်။

(ဂ) ယာဉ်မောင်းနှင်မှုအဆင်ပြေအောင် ဆောင်ရွက်ပေးသည်။

**၂။ မော်တော်ယာဉ်မောင်းနှင်နေစဉ် စတီယာရင်ကို လက်နှစ်ဖက်စလုံးဖြင့် ထိန်းသိမ်းမောင်းနှင်မည့်အချိန်သည်–** **အဖြေ(က)**

(က) မော်တော်ယာဉ်၏ အခြားစက်ကိရိယာအစိတ်အပိုင်းကို အသုံးပြုခြင်းမရှိသည့် အချိန်တိုင်းဖြစ်သည်။

(ခ) ယာဉ်အားကွေ့လိုသည့်အခါ၌သာဖြစ်သည်။

(ဂ) သတ်မှတ်အမြန်နှုန်းအတွင်း မော်တော်ယာဉ်ကို အရှိန်မြင့်မောင်းနှင် နေသည့်အခါတိုင်း ဖြစ်သည်။

**၃။ အရေးပေါ်အခြေအနေတွင် ဘရိတ်သုံးရာ၌–** **အဖြေ(ခ)**

(က) ဘရိတ်ကို ပြင်းထန်စွာ ဖိထားပါ။

(ခ) စတီယာရင်ကို လက်နှစ်ဖက်ဖြင့် ခိုင်မြဲစွာထိန်းထားပါ။

(ဂ) လက်ဆွဲဘရိတ်ကိုဦးစွာဆွဲထားပါ။

**၄။ စတီယာရင်ကို ကိုင်ဆောင်ထားသည့်အခါ၌ လက်မောင်းများသည် စတီယာရင်မှ–** **အဖြေ(ခ)**

(က) ၉၀ ဒီဂရီ အတိုင်းထားရှိရမည်။

(ခ) အနည်းငယ် ကွေးထားရမည်။

(ဂ) ဖြောင့်ဖြောင့်ထားရမည်။

**၅။ ကွေ့ပြီးနောက်၊ စတီယာရင်ကို မူလအနေအထားသို့ ပြန်လည်ထားရာတွင်–** **အဖြေ(ခ)**

(က) စတီယာရင်ကို လက်မှလွှတ်လိုက်ခြင်းဖြင့်၊

(ခ) စတီယာရင်ကို ခိုင်ခိုင်မြဲမြဲမတင်းမကျပ်စေပဲ လက်နှစ်ဖက်ဖြင့် ထိန်းကျောင်း၍ လွှတ်ခြင်းဖြင့်၊

(ဂ) လက်တဖက်တည်းဖြင့် စတီယာရင်ကို လှည့်လည်စေခြင်းဖြင့်၊

www.burmeseclassic.com

www.burmeseclassic.com

## (၂၀) လေကာမှန်/နောက်ကြည့်မှန်/နေကာ

**၁။ ယာဉ်မောင်းသူသည် နောက်ကြည့်မှန်မှတစ်ဆင့် မြင်နိုင်သည်မှာ ... ဖြစ်သည်။**

(က) နောက်မှခရီးသည်များ၊ **အဖြေ(ခ)**

(ခ) နောက်ကြည့်လေကာမှန်မှ တစ်ဆင့်မြင့်ကွင်း၊

(ဂ) (က) နှင့် (ခ) နှစ်ခုစလုံး၊

**၂။ ယာဉ်မောင်းနေစဉ် သင်၏နောက်ကြည့်မှန်ကို သင်ဘယ်လိုစစ်ဆေးမည်လဲ။**

(က) (၁) စက္ကန့်မှ (၂) စက္ကန့်တိုင်း၊ **အဖြေ(ခ)**

(ခ) (၅) စက္ကန့်မှ (၁၀) စက္ကန့်တိုင်း၊

(ဂ) (၁) မိနစ်မှ (၁၀) မိနစ်တိုင်း၊

**၃။ နောက်ကြည့်မှန်မှ မမြင်ရသည့်အခြေအနေ "မြင်ကွင်းကွယ်/ ဖျက်ကွယ်" ဆိုသည်မှာ အဘယ်နည်း။** **အဖြေ(ဂ)**

(က) ကား၏နောက်ကြည့်မှန်မှ မမြင်နိုင်သောဧရိယာ၊

(ခ) လမ်းပေါ်မှာမောင်းနေစဉ် သင်မမြင်နိုင်သောဧရိယာ၊

(ဂ) သင့်ယာဉ်၏နောက်ကြည့်မှန်ထဲမှာ မမြင်နိုင်သော သင့်ကား၏ ဘယ်ဘက် ညာဘက်ဧရိယာ၊

**၄။ သေးကြည့်မှန်ကို အောက်ပါမြင်ကွင်းတစ်ခုခုကိုမြင်ရန် ချိန်ညှိရမည်။** **အဖြေ(ခ)**

(က) လမ်းကိုမြင်ရန်၊

(ခ) လမ်းနှင့်ယာဉ်၏ကိုယ်ထည်(၂)ခုစလုံးမြင်ရန်၊

(ဂ) ယာဉ်မောင်းနေစဉ် ယာဉ်၏ နောက်မှတာယာများ၏အခြေအနေကို စစ်ဆေးနိုင်ရန်၊

## (၂၁) ကလပ်နင်းခြင်း

**၁။ သင်၏ကား ရှေ့သို့ရုတ်ရက်ဆောင့်ထွက်သွားရခြင်းမှာ-** **အဖြေ(ဂ)**

(က) ကလပ်ကိုဖြေညင်းစွာ လွှတ်လိုက်သောကြောင့်ဖြစ်သည်။

(ခ) အရှိန်မလုံလောက်သောကြောင့်ဖြစ်သည်။

(ဂ) ကလပ်ကို လျှင်မြန်စွာ လွှတ်လိုက်သောကြောင့်ဖြစ်သည်။

**၂။ အင်ဂျင်စွမ်းအားထုတ်လုပ်မှုသည်အောက်ပါခြေနင်းပြားနှင့် ဆက်စပ်မှုမရှိပါ-** **အဖြေ(ဂ)**

(က) လီဗာခြေနင်းပြား၊ (ခ) ဘရိတ်ခြေနင်းပြား၊

(ဂ) ကလပ်ခြေနင်းပြား၊

www.burmeseclassic.com

www.burmeseclassic.com


**၃။ ယာဉ်မောင်းနေစဉ် မည်သည့်အချိန်၌ အင်ဂျင်ပြင်းထန်စွာ လှုပ်ရမ်းသွား မည်နည်း။**

(က) ခြေနင်းကလပ်ကို လွှတ်လိုက်ချိန်တွင်၊ **အဖြေ(က)**

(ခ) ခြေနင်းကလပ်ကို ဖြေးညင်းစွာ လွှတ်လိုက်ချိန်တွင်၊

(ဂ) ခြေနင်းလီဗာကို လွန်စွာဖိလိုက်ချိန်တွင်၊

**၄။ ခြေနင်းကလပ်ကို နင်းလိုက်လျှင် အင်ဂျင်ဘရိတ်အုပ်ခြင်း ဖြစ်ပေါ်နိုင်ပါ သလား။**

(က) ထိုအရာသည် ဆင်ခြေလျှောလမ်းပေါ်တွင်မူတည်သည်။ **အဖြေ(ခ)**

(ခ) မဖြစ်ပေါ်နိုင်ပါ။ (ဂ) ဖြစ်ပေါ်နိုင်ပါသည်။

**၅။ ခြေနင်းကလပ်ကိုအပြည့်အဝနင်းခြင်းသည် ယာဉ်၏ အင်ဂျင်ကိုအရှိန် သတ်စေပြီး ယာဉ်ကိုလည်း-** **အဖြေ(ဂ)**

(က) ရပ်တန့်စေသည်။ (ခ) ရုတ်တရက် ရပ်စေသည်။

(ဂ) ဖရီးရိုက်၍ မောင်းနှင်ခြင်းဖြစ်စေသည်။

(၂၂) ဘရိတ်အသုံးပြုခြင်း

**၁။ ဘရိတ်မီးလင်းနေရခြင်းမှာ ဘရိတ်ဆီနည်းကြောင်း၊ ညွှန်ပြခြင်းအပြင် ... ကြောင့် ဖြစ်သည်။** **အဖြေ(ခ)**

(က) ဘရိတ်တုံးပျက်ခြင်း၊ (ခ) လက်ဆွဲဘရိတ်ကိုအပြည့်အဝ ပြန်မလွှတ်ရသေးခြင်း၊

(ဂ) (က)နှင့် (ခ) နှစ်ခုစလုံး၊

**၂။ ဘရိတ်အုပ်ရာတွင် .....အကျုံးဝင်သည်။** **အဖြေ(ဂ)**

(က) ရှေ့ဘီး(၂)ခုမျှသာ၊ (ခ) နောက်ဘီး(၂)ခုမျှသာ (ဂ) ဘီး(၄)ခုစလုံး

**၃။ မိမိ၏အရှေ့မှယာဉ်အား ကျော်တက်ရန်အတွက် လမ်းကြောင်းမှန်ပါက သင်သည် ပထမဦးစွာ-** **အဖြေ(ဂ)**

(က) ကျော်တက်ချင်သောကားနားကို နီးနိုင်သမျှနီးကပ်စွာ မောင်းပါ။ (ခ) အရှိန်မြှင့်ပါ။

(ဂ) မျက်နှာချင်းဆိုင်ယာဉ်ကြောမှ လာနေသောယာဉ်ကို ကြည့်ထားပါ။

**၄။ ယာဉ်မောင်းသူအနေဖြင့်ယာဉ်ကို ဖြည်းဖြည်းရပ်လိုပါက-** **အဖြေ(ခ)**

(က) လက်ဆွဲဘရိတ်ကို ဖြည်းညင်းစွာဆွဲရမည်။

(ခ) ခြေနင်းဘရိတ်ကိုပြတ်တောင်း၊ ပြတ်တောင်းအုပ်ရမည်။

(ဂ) ခြေနင်းဘရိတ်ကို ဆောင့်အုပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

၅။ **အရေးပေါ်ဘရိတ်အသုံးပြုခြင်းကို မည်သည့်အချိန်တွင် အသုံးပြုလေ့ရှိသနည်း။** **အဖြေ(ဂ)**

(က) မီးပွိုင့်လမ်းဆုံတွင်၊ (ခ) ဆင်ခြေလျှောနေရာ၌ ရပ်ရာတွင်၊

(ဂ) ယာဉ်မတော်တဆဖြစ်မှုကို ကာကွယ်ရာတွင်၊

၆။ **ပြတ်တောင်း ပြတ်တောင်း ဘရိတ်အုပ်ခြင်းသည်-** **အဖြေ(ဂ)**

(က) အခြားယာဉ်မောင်းများကို အနှောင့်အယှက်ဖြစ်စေသည်။

(ခ) အရေးတကြီး အခြေအနေတွင်သာ သုံးသင့်သည်။

(ဂ) နောက်မှကပ်ပါလာသော ယာဉ်မောင်းများကို သတိပေးရာရောက်သည်။

၇။ **ဘရိတ်နင်းလျှင် ရပ်တန့်မည့်အကွာအဝေးသည်....ပေါ်တွင်မူတည်သည်။** **အဖြေ(ဂ)**

(က) လမ်းမျက်နှာပြင်၊ (ခ) ယာဉ်၏အမြန်နှုန်း၊ (ဂ) (က) နှင့် (ခ) နှစ်ခုစလုံး

၈။ **အရေးပေါ်ဘရိတ်အုပ်ရာတွင် သင့်အနေဖြင့်-** **အဖြေ(ဂ)**

(က) ဘရိတ်ကို ပြင်းထန်စွာနင်းပါ။ (ခ) ခြေနင်းကလပ်ကို ပြင်းထန်စွာနင်းပါ။

(ဂ) ခြေနင်းဘရိတ်ကို ပြင်းပြင်းနင်းပြီးနောက် ကလပ်ကိုပါနင်းပါ။

၉။ **ဘရိတ်ရှူးများရေစို၍ ဘရိတ်မမိပါက-** **အဖြေ(ခ)**

(က) မခြောက်မချင်း သင့်ယာဉ်ကို ဘယ်တော့မှ မမောင်းပါနှင့်။

(ခ) နှေးကွေးစွာမောင်းပြီး သူတို့ကို အခြောက်ခံဖို့ရန် အကြိမ်များစွာနင်းပါ။

(ဂ) သင်တတ်နိုင်ပါက ဘရိတ်များကို လဲလိုက်ပါ။

၁၀။ **မည်သည့်ဖော်ပြချက်သည် မှားသနည်း။** **အဖြေ(ဂ)**

(က) အရေးတကြီးဘရိတ်အုပ်ရာတွင် လက်ဆွဲဘရိတ်အသုံးပြုခြင်းသည် အမြဲမလိုအပ်ပါ။

(ခ) လီဗာသည် အန္တရာယ်အရှိဆုံး ခြေနင်းပြားဖြစ်သည်။

(ဂ) ဘရိတ်ကို အားကုန်ဖိ၍ဘီးများမရွေ့အောင် တုံ့ကနဲရပ်ခြင်းသည် ကောင်းသော နည်းလမ်းဖြစ်သည်။

၁၁။ **အရေးပေါ် ဘရိတ်အုပ်ရာတွင် သင့်အနေဖြင့်-** **အဖြေ(က)**

(က) ခြေနင်းဘရိတ်ပေါ်ကို ဖိနင်းထားသောကြောင့် စတီယာရင်ပေါ်တွင် လက်နှစ်ဖက် လုံးရှိနေသင့်သည်။

(ခ) ကလပ်နှင့်ခြေနင်းဘရိတ်ပေါ်ကို နင်းထားသောကြောင့် စတီယာရင်ပေါ်တွင် လက်နှစ်ဖက် လုံး ရှိနေသင့်သည်။

(ဂ) လက်ဘရိတ်ကို လက်တစ်ဖက်နှင့်ဆွဲထားပြီး ကျန်လက်တစ်ဖက်နှင့် မော်တော်ယာဉ်ကို ထိန်းထားသင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၂။ သင့်ယာဉ်၏ ဘရိတ်မီးများ ကောင်းစွာအလုပ်မလုပ်လျှင်- အဖြေ(က)**

(က) သင်သည်ဝပ်ရှော့သို့ ချက်ချင်းမောင်းပါ။

(ခ) သင့်မှာအချိန်ရလျှင် ပြင်လိုက်ပါ။

(ဂ) ခရီတိုလေးသာလျှင် သင်မောင်းသင့်တော့သည်။

**၁၃။ သင်၏ဘရိတ်များ အမှားအယွင်းဖြစ်နေသည်ကိုတွေ့ရပါက သင့်အနေဖြင့်- အဖြေ(ခ)**

(က) အနီးစပ်ဆုံး အလုပ်ရုံသို့ မောင်းသွားပါ။

(ခ) မမောင်းသင့်တော့ပါ။ (ဂ) လက်ဆွဲဘရိတ်သာလျှင်သုံးပါ။

**၁၄။ အထိရောက်ဆုံး ဘရိတ်အုပ်ခြင်းနည်းလမ်းမှာ အောက်ပါအတို့အနက်မှ .....ကို အသုံးပြုခြင်းဖြစ်သည်။ အဖြေ(ဂ)**

(က) ခြေနင်းဘရိတ်၊ (ခ) လက်ဆွဲဘရိတ်၊ (ဂ)(က)၊ (ခ)နှင့် အင်ဂျင်ဘရိတ်အုပ်ခြင်း။

## (၂၃) ကျော်တက်ရာတွင် သတိပြုရမည့်အချက်များ

**၁။ သင်ကျော်တက်နေသောကားသည် ရှတ်တရက်လက်ဝဲဘက်သို့ ရွေ့လျားပါက လုပ်သင့်သည်မှာ- အဖြေ(ဂ)**

(က) ဆက်လက်အရှိန်မြှင့်ပြီး ကျော်တက်ရမည်။

(ခ) ယာဉ်ကြောပြောင်းပြီးနောက် ဘယ်ဘက်မှထိုကားကို ကျော်တက်ရမည်။

(ဂ) အရှိန်လျှော့ပြီး မူလလမ်းကြောသို့ ပြန်ဝင်ရမည်။

**၂။ သင့်ယာဉ်သည် ကျော်တက်ခံရသောအခါ- အဖြေ(ဂ)**

(က) သင်ကိုယ်တိုင် အခြားယာဉ်ကို ကျော်တက်ရန် မလုပ်ပါနှင့်။

(ခ) အလယ်မျဉ်းနားမှာ မနေပါနှင့်။

(ဂ) (က) နှင့် (ခ) နှစ်စလုံး မလုပ်ပါနှင့်။

**၃။ အောက်ပါနေရာတွင် မိမိရှေ့မှယာဉ်အားကျော်တက်နိုင်သည်- အဖြေ(ဂ)**

(က) ခြေကျင်လျှောက်သူများ ဖြတ်ကူးရန်ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းအလယ်တွင် မျဉ်းပြိုင်နှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဂ) မိမိမောင်းနှင်နေသောယာဉ်ကြော၏ လက်ဝဲဘက်ယာဉ်ကြောရှင်းသော နေရာ၊

**၄။ မိမိယာဉ်ကို အခြားယာဉ်က ကျော်တက်နေလျှင်- အဖြေ(က)**

(က) ထိုယာဉ်ကျော်တက်ပြီးသည်အထိ မိမိယာဉ်၏ အမြန်နှုန်းကို မတိုးဘဲ လမ်းပေး၍ ကျော်တက်ခွင့်ပြုရမည်။

www.burmeseclassic.com

www.burmeseclassic.com


(ခ) ထိုယာဉ်မကျော်တက်နိုင်အောင် အရှိန်မြှင့်၍ အမြန်မောင်းရမည်။

(ဂ) မိမိမောင်းနှင်နေသည့်အမြန်နှုန်းအတိုင်းသာ ဆက်လက်မောင်းနှင်ရမည်။

**၅။ ကျော်တက်မှုလုပ်လိုလျှင်–** **အဖြေ(က)**

(က) ဆုံးဖြတ်ချက်မှန်ကန်ရန်နှင့် ကျွမ်းကျင်မှုရှိရမည်။

(ခ) အရှိန်မြှင့်တင်ရမည်။ (ဂ) သင့်တွင် ကားကောင်း(၁)စီးရှိရမည်။

**၆။ သင်သည်မည်သည့်အချိန်တွင် လက်ယာဘက်မှ ကျော်တက်နိုင်သနည်း။** **အဖြေ(ဂ)**

(က) သင့်ရှေ့ချယ်သောအခါ၊ (ခ) သင့်ယာဉ်သည် ယာဉ်ကြောပိတ်ခံရသောအခါ၊

(ဂ) အခြေအနေအရ မဖြစ်မနေ လုပ်ဆောင်ရမည့်အခါ၊

**၇။ အောက်ပါအခြေအနေများတွင် ကျော်မတက်ရပါ–** **အဖြေ(ဂ)**

(က) လူကူးမျဉ်းကြားအနီး(သို့)လမ်းဆုံ၊ (ခ) ကျဉ်းမြောင်းသော တံတား(သို့) ဥမင်၊

(ဂ) (က)နှင့် (ခ) နှစ်ခုစလုံး၊

**၈။ ကိုယ်ထည်ရှည်သောယာဉ်များကို ကျော်တက်သောအခါသင်သည်–** **အဖြေ(ခ)**

(က) အရှိန်မြှင့်ပါ။

(ခ) အခြားယာဉ်ငယ်များကို ကျော်တက်ခြင်းထက် ပို၍ အချိန်လိုအပ်သည်။

(ဂ) ထိုကားများသည် မြန်မြန် (သို့မဟုတ်) နှေးနှေးသွားသလားဆိုသည်ကို သိရန် လိုအပ်ပါသည်။

**၉။ ကျော်တက်ဖို့ရန် လုံခြုံစိတ်ချပြီးလမ်းကြောင်းမှန်ပါက သင်သည်ပထမဦးစွာ–**

(က) ကျော်တက်ချင်သော ကားနားကို နီးနိုင်သမျှ နီးကပ်စွာမောင်းပါ။ **အဖြေ(ဂ)**

(ခ) အရှိန်မြှင့်ပါ။

(ဂ) မျက်နှာချင်းဆိုင်ယာဉ်ကြောမှ လာနေသော ယာဉ်ကို ကြည့်ထားပါ။

**၁၀။ သင့်ယာဉ်သည် ကျဉ်းမြောင်းသောလမ်းကွေ့၌ရှိနေစဉ် မည်သည့် အချိန်တွင် ကျော်တက်ရမည်နည်း။** **အဖြေ(က)**

(က) ကျဉ်းမြောင်းသော လမ်းကွေ့ပေါ်မှာ ဘယ်တော့မှ ကျော်မတက်ပါနှင့်။

(ခ) ထိုကဲ့သို့လုပ်ရန် လုံခြုံမှုရှိတယ်လို့ သင်ထင်လျှင် ထင်ခြင်း၊

(ဂ) ထိုကဲ့သို့လုပ်ရန် တရားဝင် ကန့်သတ်ချက်မရှိသရွေ့၊

**၁၁။ သင့်ယာဉ်သည် မည်သည့်အခြေအနေတွင် ကျော်မတက်သင့်သနည်း။** **အဖြေ(ခ)**

(က) သင့်ရှေ့မှယာဉ် အရှိန်လျှော့သောအခါ၊ (ခ) သင့်မြင်ကွင်း ပိတ်ဆို့ခံရသောအခါ၊

(ဂ) သင့်ရှေ့မှယာဉ် ကျော်တက်ရန် အချက်ပြသောအခါ၊

www.burmeseclassic.com

www.burmeseclassic.com


**၁၂။ ကျော်တက်ပြီးနောက် –** **အဖြေ(ဂ)**

(က) ဆက်ပြီးအရှိန်မြှင့်ပါ။

(ခ) နောက်ဆုတ်ပြီး လက်ဝဲဘက်ယာဉ်ကြောထဲသို့ လျှင်မြန်စွာဝင်ပါ။

(ဂ) လက်ယာဘက်သို့ အချက်ပြပြီး ယာဉ်ကြောထဲသို့ အန္တရာယ်ကင်းအောင် ပြန်ဝင်ပါ။

**၁၃။ ကျော်တက်ရာတွင် အောက်ဖော်ပြပါမည်သည့်အခြေအနေက လုံခြုံမှုရှိသနည်း–** **အဖြေ(ဂ)**

(က) သင့်ယာဉ်တွင်အရှိန်ရှိပါက တစ်ချိန်တည်းမှာ ယာဉ် ၁ စီးထက်ပို၍ ကျော်တက်ခြင်း။

(ခ) သင်ကျော်တက်မိပါက ဆက်လက်ကျော်တက်လိုက်ပါ။

(ဂ) သင့်မြင်ကွင်းကွယ်နေသောအခါ သင်ကျော်တက်ရန် မကြိုးစားပါနှင့်။

## (၂၄) ယာဉ်ကွေ့ရာတွင်သတိပြုရမည့်အချက်များ

**၁။ ပြေပြစ်သော အကွေ့ကိုမောင်းနှင်နေစဉ်၊ သင်သည်–** **အဖြေ(ဂ)**

(က) အရှိန်ကိုလျှော့ပါ။ (ခ) အရှိန်ကိုတိုးပါ။

(ဂ) အရှိန်ကို လျှော့၍ တည်ငြိမ်အောင်ထိန်းပါ။

**၂။ သင်ကွေ့လိုသောနေရာအား အနည်းငယ်ကျော်သွားသောအခါ သင့်အနေဖြင့်–**

(က) ဆက်သွားပြီးနောက် ထပ်ကွေ့နိုင်သည့်နေရာရောက်မှကွေ့ပါ။ **အဖြေ(က)**

(ခ) ရပ်ပါ။ နောက်ပြန်ဆုတ်ပြီးကွေ့ပါ။

(ဂ) ရပ်ပြီး အမြန်ဆွဲကွေ့ပါ။

**၃။ သင်ကျော်တက်ရန်ပြင်နေသောယာဉ်သည် လက်ဝဲဘက်သို့ကွေ့ရန် ရုတ်တရက် အချက်ပြပါက–** **အဖြေ(က)**

(က) အရှိန်လျှော့ပြီး (လိုအပ်ပါကရပ်တန့်၍) ထိုယာဉ်ကို ဦးစွာကွေ့ခွင့်ပေးပါ။

(ခ) ဟွန်းသံပေးပြီး ထိုယာဉ်ကို လျှင်မြန်စွာကျော်လိုက်ပါ။

(ဂ) နေရာအလုံအလောက်ရှိပါက လက်ယာဘက်မှနေ၍ ကျော်တက်ပါ။

**၄။ လမ်းကွေ့ထဲသို့ကွေ့မည်ဆိုပါက ဂီယာနံပါတ်အနိမ့်ကို မည်သည့်အချိန်တွင် ပြောင်းသင့်သနည်း။** **အဖြေ(ခ)**

(က) လမ်းကွေ့ထဲသို့ ကွေ့နေစဉ်၊ (ခ) လမ်းကွေ့နှင့် နီးကပ်နေစဉ်၊

(ဂ) လမ်းကွေ့၏ အလယ်တွင်ရှိစဉ်၊

www.burmeseclassic.com

www.burmeseclassic.com


လမ်းအရှိုးအကွေ့ပေါင်းများစွာရှိသော လမ်းကျဉ်းတစ်ခုထဲသို့ ဖြတ် မောင်းနှင်ရာတွင်သင့်အနေဖြင့်- အဖြေ(ခ)

(က) အရှိန်ကိုထိန်းနိုင်ရန် ဘရိတ်နင်းခြင်း၊ လွှတ်ခြင်း နည်းလမ်းကိုသုံးနိုင်သည်။

(ခ) အရှိန်နှေးနှေးဖြင့်မောင်းနိုင်ရန် ကလပ်နှင့်လီဗာကို ကျွမ်းကျင်စွာချိန်ဆ အသုံးပြုနိုင်သည်။

(ဂ) ဂီယာနံပါတ်(၁)ထိုးကာ အရှိန်နှေးဖြင့် မောင်းနိုင်သည်။

"ဂ"ကွေ့ ကွေ့နိုင်သောနေရာတွင်- အဖြေ(ခ)

(က) သင်စိတ်ကြိုက် ကွေ့နိုင်သည်။

(ခ) မိမိ ရှေ့၊ နောက် ယာဉ်အသွားအလာရှင်းမှ ကွေ့ရမည်။

(ဂ) ဟွန်းသံပေး၍ အရှိန်ဖြင့် ကွေ့ရမည်။

ယာဉ်ကွေ့မည်ဖြစ်ကြောင်းအချက်ပြခြင်းကို ကွေ့မည့်နေရာမရောက်မီ အနည်းဆုံး ....အကွာမှ ကြိုတင်၍ ပြရမည်။ အဖြေ(က)

(က) ၁၀၀ ပေ၊ (၃၀ မီတာ)၊ (ခ) ၁၅၁ ပေ၊ (၄၅ မီတာ)၊

(ဂ) ၅၀ ပေ၊ (၁၅ မီတာ)၊

လမ်းမ၏ လက်ယာဘက်ရှိလမ်းသွယ်ထဲသို့ ကွေ့ဝင်လိုလျှင်လမ်းသွယ်သို့ မရောက်မီ အချက်ပြလျက်- အဖြေ(ခ)

(က) အမြန်နှုန်းမြှင့်ပြီး ကွေ့ဝင်ရမည်။

(ခ) လမ်းလက်ယာဘက်သို့ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီးမှကွေ့ဝင်ရမည်။

(ဂ) ရောက်ပါက ချက်ချင်းကွေ့ဝင်ရမည်။

လမ်းအကွေ့များကိုမောင်းနေစဉ် နည်းစနစ်မှန်အောင် မည်ကဲ့သို့ထိုင်ရ မည်နည်း။ အဖြေ(ဂ)

(က) လမ်း၏အနေအထားကို ကောင်းစွာမြင်ရန် ရှေ့ကိုအနည်းငယ်တိုး၍ ထိုင်ရမည်။

(ခ) လိုအပ်သလို ဘယ်ဘက်(သို့မဟုတ်)ညာဘက်သို့ ရွေ့၍ထိုင်ရမည်။

(ဂ) မရွေ့ဘဲ ခန္ဓာကိုယ်ကို မတ်မတ်ထား၍ ထိုင်ရမည်။

လမ်းကွေ့ကိုချဉ်းကပ်နေစဉ်၊ အမြဲတမ်းသတိပြုရန်မှာ- အဖြေ(က)

(က) သင့်ယာဉ်၏ အရှိန်နှင့် မကွေ့မီအကွာအဝေး၊

(ခ) ကွေ့ရမည့်နေရာနှင့် နီးသောလမ်း၊

(ဂ) သင့်ယာဉ်၏ ရှေ့မှ ရုတ်တရက် ပေါ်လာမည့်လမ်း၊

www.burmeseclassic.com

www.burmeseclassic.com



**၁၁။ ထောင့်ချိုးလက်ဝဲဘက်သို့ကွေ့နေစဉ် သင်၏ကားကို ဘယ်နေရာမှာ ထားသင့်သလဲ။**

(က) ဗဟိုစွာအားကို တုန့်ပြန်ရန် လက်ဝဲဘက်သို့ အနီးကပ်ဆုံး။ **အဖြေ(ခ)**

(ခ) အကွေ့၏အလယ်နှင့် နီးကပ်စွာ၊

(ဂ) မြင်ကွင်းကောင်းရစေရန် လက်ယာဘက်သို့ နီးကပ်စွာ၊

**၁၂။ သင်သည်ရှေ့ရှိဘယ်ဘက်သို့ ချိုးကွေ့လိုသော်လည်း သင့်ရှေ့တွင် စက်ဘီးစီးသူ ရှိလျှင် သင့်အနေဖြင့်–** **အဖြေ(က)**

(က) အရှိန်လျှော့ကာ စက်ဘီးစီးသူလမ်းချိုးကို ကျော်သွားပြီးမှသာ ချိုးဝင် လိုက်ပါ။

(ခ) စက်ဘီးစီးသူကို ကျော်တက်၍ အလျှင်အမြန် ကွေ့ဝင်လိုက်ပါ။

(ဂ) စက်ဘီးစီးသူကို ဟွန်းသံပေး၍ လမ်းတောင်းလိုက်ပါ။

**၁၃။ ပြေပြစ်သောလမ်းကွေ့ကိုကွေ့နေစဉ် သင်သည်မည်သည့်အချိန်မှာ ဂီယာနံပါတ် အမြင့်ကို ပြောင်းသင့်သနည်း။** **အဖြေ(ဂ)**

(က) လမ်းကွေ့ကို ချဉ်းကပ်နေစဉ်၊ (ခ) လမ်းကွေ့၏အလယ်မှာ၊

(ဂ) ကွေ့ပြီးချိန်မှာ၊

**၁၄။ သင့်ယာဉ်သည်ကျဉ်းမြောင်းသောလမ်းအကွေ့အကောက်၌ရှိနေစဉ် မည်သည့် အချိန် တွင် ကျော်တက်ရမည်နည်း။** **အဖြေ(က)**

(က) ဘယ်တော့မှ ကျော်မတက်ပါနှင့်။

(ခ) လုံခြုံမှုရှိသည်ဟု သင်ထင်လျှင်ထင်ခြင်း ကျော်တက်ပါ။

(ဂ) တရားဝင်ကန့်သတ်ချက် မရှိပါက ကျော်တက်ပါ။

**၁၅။ လမ်းမ၏လက်ယာဘက်ရှိ လမ်းသွယ်ထဲသို့ကွေ့ဝင်လိုလျှင် လမ်းသွယ်သို့ မရောက်မီ အချက်ပြလျှက်–** **အဖြေ(ခ)**

(က) အမြန်နှုန်းမြှင့်ပြီး ကွေ့ဝင်ရမည်။

(ခ) လမ်းလက်ယာဘက်သို့ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီးမှကွေ့ဝင်ရမည်။

(ဂ) ရောက်ပါက ချက်ချင်းကွေ့ဝင်ရမည်။

**၁၆။ သင်သည် လက်ယာဘက်ယာဉ်ကြောပေါ်တွင်ရှိပြီး လမ်းဆုံ၌ လက်ယာ ဘက်သို့ ကွေ့တော့မည်ဆိုပါက သင်ကွေ့ရမည်မှာ–** **အဖြေ(က)**

(က) ကပ်တိုးနှင့် အနီးဆုံးရှိသော ယာဉ်ကြောဖြစ်သည်။

(ခ) အပြင်ဘက်ကျသော ယာဉ်ကြောမှဖြစ်သည်။

(ဂ) ယာဉ်မရှိသော မည်သည့်ယာဉ်ကြောမဆိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


**၁၇။ လမ်းကွေ့ကို ဖြတ်မောင်းနေစဉ် သင်သည် မည်သည့်အချိန်၌ လီဗာနင်း သင့်သနည်း။**

(က) ကွေ့ပြီးနောက် ရှေ့ဘီးများ ဖြောင့်တန်းမှုရှိနေစဉ်တွင်၊ **အဖြေ(က)**

(ခ) လမ်းကွေ့မှလွတ်ပြီး ရှေ့ဘီးများ ဖြောင့်တန်းလုနီးရှိနေစဉ်တွင်၊

(ဂ) လမ်းအကွေ့ကိုပိုက်ရန်လုံလောက်သော စွမ်းအားရရန်အလို့ငှာ လမ်းကွေ့ကို ချဉ်းကပ်နေစဉ်တွင်၊

**၁၈။ ယာဉ်ကို လက်ယာဘက်ကွေ့သည့်အခါ ခန္ဓာကိုယ်ကို- အဖြေ(ဂ)**

(က) လက်ဝဲဘက်သို့ လိုက်၍ စောင်းရမည်။

(ခ) လက်ယာဘက်သို့ လိုက်၍ စောင်းရမည်။

(ဂ) တည့်တည့်မတ်မတ်ထားရမည်။

**၁၉။ လမ်းကွေ့များချိုးကွေ့ဝင်ရောက်သည့်အခါ သင်ဘာလုပ်မည်နည်း။ အဖြေ(က)**

(က) လက်နှစ်ဖက်လုံးဖြင့် စတီယာရင်ကို ခိုင်မြဲစွာဆုပ်ကိုင်ထားမည်။

(ခ) လမ်းကွေ့အတိုင်း စတီယာရင်ကို ရုတ်တရက်ကွေ့လိုက်ပြီး အရှိန်မြှင့် လိုက်မည်။

(ဂ) ညာဖက်လက်ဖြင့်စတီယာရင်ကို ခိုင်မြဲစွာဆုပ်ကိုင်ထားပြီး တချိန်တည်းမှာ ဘယ်လက်ဖြင့် ဂီယာပြောင်းရန် အသုံးပြုရမည်ဖြစ်သည်။

**၂၀။ မြေပြစ်သောအကွေ့ကို ထိန်းကွေ့နေစဉ် သင့်လျော်သောဂီယာမှာ မည်သည်နည်း။**

(က) ဂီယာနံပါတ်(၁)၊ **အဖြေ(ဂ)**

(ခ) ဂီယာနံပါတ်(၁) (သို့မဟုတ်) ဂီယာနံပါတ်(၂)၊

(ဂ) ဂီယာနံပါတ်(၂) (သို့မဟုတ်) ဂီယာနံပါတ် (၃)၊

**၂၁။ သင်သည်လမ်းကွေ့(သို့)ထောင့်ချိုးကိုမောင်းသောအခါ ဗဟိုခွာအား သက်ရောက်မှုကို ရှောင်ရှားရန်လုပ်သင့်သည်မှာ- အဖြေ(ခ)**

(က) အရှိန်မြှင့်သင့်သည်။ (ခ) အရှိန်လျှော့သင့်သည်။

(ဂ) ဘရိတ်ကို နင်းလိုက် လွှတ်လိုက် လုပ်သင့်သည်။

**၂၂။ သင်၏ရည်ရွယ်ရာလမ်းကြောင်းကို အချက်မပြဘဲကွေ့ခြင်းသည်- အဖြေ(ဂ)**

(က) အချိန်ကုန်သက်သာစေလိမ့်မည်။

(ခ) အခြားသောလမ်းအသုံးပြုသူများကို ဘာမှဖြစ်သွားစေလိမ့်မည်မဟုတ်ပါ။

(ဂ) အခြားယာဉ်မောင်းသူများကို ထင်ရောင်ထင်မှားဖြစ်စေပြီး မတော်တဆမှု ဖြစ်စေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



**၂၃။ ချိုးကွေ့ရာ၌ (သို့) ယာဉ်ကြောပြောင်းရာ၌ သင့်အနေဖြင့်–** **အဖြေ(ဂ)**

(က) အခြားယာဉ်မှ အချက်ပြမီးပြထားသည်ကို မတွေ့လျှင် ဆက်လက် မောင်းနိုင်သည်။

(ခ) လမ်းမှန်းနေရာတွင်ရှိနေပါက တွေဝေမနေဘဲမောင်းနှင်နိုင်ပါသည်။

(ဂ) ထိုသို့မလုပ်မီ "မျက်ကွယ်" နေရာများကိုပါ စစ်ဆေးသင့်ပါသည်။

**၂၄။ ယာဉ်အားကွေ့နေစဉ်တွင်ခြေနင်းဘရိတ်ကို နင်းထားခြင်းသည်–** **အဖြေ(ခ)**

(က) သင်၏ ယာဉ်ကို ပို၍ ထိန်းချုပ်နိုင်စေသည်။

(ခ) ယာဉ်ကို ချော်စေသည်။

(ဂ) ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ ရပ်စေသည်။

**၂၅။ ယာဉ်သည်လမ်းကွေ့ကိုပိုက်နေစဉ် အပြင်ဘက်သို့ဆွဲနေသည်မှာအောက်ပါ ကိစ္စရပ်များကြောင့်ဖြစ်သည်ဟု သိထားသည်–** **အဖြေ(ဂ)**

(က) ကမ္ဘာမြေထု၏ ဆွဲငင်အား (ခ) ပွတ်တိုက်အား၊ (ဂ) ဗဟိုခွာအား၊

## (၂၅) နောက်ဆုတ်ရာတွင်သတိပြုမည့်အချက်များ

**၁။ ဘယ်ဘက်ရှိကားပါကင်နေရာသို့ နောက်ဆုတ်ဝင်ရောက်သည့်အခါ စတီယာရင်အား–**

(က) သင်၏ဘယ်ဘက်သို့လှည့်ရမည်။ **အဖြေ(က)**

(ခ) ညာဘက်သို့လှည့်ရမည်။

(ဂ) ဘရိတ်များအသုံးပြုပြီး မော်တော်ကား၏အမြန်နှုန်းကို ညင်သာစွာ ထိန်းသိမ်းရမည်။

**၂။ အောက်ပါအခြေအနေတွင် နောက်ဆုတ်ထွက်၍ရပါသည်–** **အဖြေ(ဂ)**

(က) လမ်းသွယ်မှလမ်းမပေါ်သို့၊ (ခ) တစ်လမ်းမောင်းလမ်းပေါ်တွင်၊

(ဂ) ယာဉ်၏ ဘေးနှစ်ဘက်နှင့် အနောက်ဘက်၌ အန္တရာယ်ကင်းလျှင်၊

**၃။ နောက်ဆုတ်နေစဉ်စတီယာရင်ကို လက်ယာဘက်သို့လှည့်ပါက ယာဉ်၏ နောက်ဘီးများ သွားမည့်ဘက်မှာ–** **အဖြေ(က)**

(က) လက်ယာဘက်၊ (ခ) လက်ဝဲဘက်၊ (ဂ) ဖြောင့်တန်းစွာ၊

**၄။ လက်ဝဲဘက်သို့ နောက်ဆုတ်လိုသောအခါ သင့်၏စတီယာရင်ဘီးလှည့်ရ မည့်ဘက်မှာ–**

(က) လက်ဝဲဘက်သို့ဖြစ်သည်။ **အဖြေ(က)**

(ခ) လက်ယာဘက်သို့ဖြစ်သည်။

(ဂ) လက်ယာဘက်ပြီးနောက် လက်ဝဲဘက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၅။ နောက်ပြန်ဆုတ်ခြင်းသည် ရှေ့သို့မောင်းခြင်းထက်ပို၍ ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် .... ကြောင့်ဖြစ်သည်။ အဖြေ(ဂ)**

(က) နောက်ဆုတ်ကိုယာသည် အရှိန်နည်းခြင်း၊

(ခ) နောက်ဆုတ်ကိုယာသည် ထိရောက်မှုနည်းခြင်း၊

(ဂ) နောက်ဆုတ်ရာတွင် မြင်ကွင်းကွယ်ခြင်းနှင့် ကျွမ်းကျင်မှုပို၍လိုအပ်ခြင်း၊

**၆။ နောက်ပြန်ဆုတ်သောအခါ သုံးရမည့်နည်းစနစ်သည်- အဖြေ(က)**

(က) ဘရိတ်၊ ကလပ်၊ လီဗာတို့ကို ဆက်စပ်အလုပ်လုပ်သည့်စနစ်ဖြစ်သည်။

(ခ) ကလပ်အလုပ်လုပ်သည့်စနစ်ဖြစ်သည်။

(ဂ) ဘရိတ်အလုပ်လုပ်သည့်စနစ်ဖြစ်သည်။

**၇။ နောက်ဆုတ်ရာတွင် ဘေးကင်းစေရန်အတွက်- အဖြေ(ခ)**

(က) ဘရိတ်ကို စဉ်ဆက်မပြတ်သုံးပါ။

(ခ) ကလပ်နှင့် လီဗာကို အသင့်လျော်ဆုံးနေရာတွင် ထိန်းထားပါ။

(ဂ) ခြေနင်းဘရိတ်အစား လက်ဆွဲဘရိတ်သုံးပါ။

**၈။ နောက်ဆုတ်သောအခါ ကောင်းသောအလေ့အထသည်- အဖြေ(ဂ)**

(က) ရေဒီယို/ကက်ဆက် ပိတ်ပါ။ (ခ) ပြတင်းပေါက်မှန် နှိမ့်ချထားပါ။

(ဂ) (က) နှင့် (ခ) ၂ခုစလုံး။

**၉။ သင်သည် ပါကင်ထိုးထားသောကားများအကြားတွင် နောက်ဆုတ်ပြီး ပါကင်ထိုးလိုလျှင် သင့်အနေဖြင့် အသုံးပြုရမည်မှာ.... အကောင်းဆုံး ဖြစ်သည်။ အဖြေ(က)**

(က) ကားများကြားရှိ အလယ်ဟာနေသော အကွာအဝေးကို ခန့်မှန်းနိုင်ရန် ကူညီပေးသည့် ဘေးမှန်များသာလျှင်၊

(ခ) နောက်ကြည့်မှန်သာလျှင်၊ (ဂ) သင်၏ ကိုယ်ပိုင်အမြင်သည်သာလျှင်၊

## (၂၆) လူကူးမျဉ်းကြား/လမ်းအသုံးပြုသူများ

**၁။ လူကူးမျဉ်းကြားအနီးရောက်လျှင် သင့်အနေဖြင့်- အဖြေ(က)**

(က)လမ်းကူးနေသူများ၊ လမ်းဖြတ်ကူးရန် စောင့်နေသူများရှိလျှင်ရပ်လိုက်ပါ။

(ခ) အချိန်မီ မရပ်တန့်နိုင်လျှင် ဟွန်းတီး၍ ဆက်လက်မောင်းနှင်ပါ။

(ဂ) လမ်းကူးသူများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေရပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၂။ လူကူးမျဉ်းကြားနေရာ၊ လမ်းညွှန်းဖြင့်ဖော်ပြထားသည့်လူကူးရန်နေရာ၊ ကျောင်းရှေ့ရှိလူကူးရန်နေရာတို့တွင် ဖြတ်ကူးသူများရှိပါက ၎င်းနေရာများ မရောက်မီအနည်းဆုံး .... အကွာတွင် ယာဉ်ကိုခေတ္တရပ်၍ လမ်းဖြတ်ကူးသူ ရှင်းမှဆက်မောင်းရမည်။

(က) ၁၀ ပေ၊ (၃ မီတာ)၊ အဖြေ(ခ)

(ခ) ၁၆ ပေ ၆ လက်မ၊ (၅ မီတာ)၊ (ဂ) ၁၅ ပေ၊ (၄.၆ မီတာ)၊

၃။ ပလက်ဖောင်းမရှိသောလမ်းပေါ်တွင် လမ်းလျှောက်နေသောသူများကို တွေ့ရှိပါက သင့်အနေဖြင့်- အဖြေ(ခ)

(က) ထိုသူနှင့် မျက်နှာချင်းဆိုင်ဖြစ်နေလျှင် အနည်းဆုံး(၁)မီတာအကွာမှ ခွာ၍မောင်းနှင်ရမည်။

(ခ) ထိုသူ၏ ကျောပေးအနေအထားတွင် ဖြစ်ပါက အနည်းဆုံး (၁)မီတာ အကွာမှခွာ၍ မောင်းနှင်ရမည်။

(ဂ) ထိုသူနှင့် မျက်နှာချင်းဆိုင်ဖြစ်နေလျှင် အနည်းဆုံး (၀.၇၅)မီတာအကွာမှ ခွာ၍ မောင်းနှင်ရမည်။

၄။ ဖြတ်သန်းသွားလာသူများ လူကူးမျဉ်းကြားတွင် ဖြတ်သန်းနေစဉ် အရှိန်ကိုလျှော့ကာ- အဖြေ(ဂ)

(က) အလျှင်အမြန် ဖြတ်ကူးရန်အချက်ပြပါ။

(ခ) အရှိန်မြှင့်ရန် ပြင်ဆင်ပါ။ (ဂ) ရပ်မျဉ်းနောက်တွင်ရပ်ပါ။

၅။ ခြေကျင်လျှောက်သူများ၏ လုံခြုံမှုသည်....၏ တာဝန်သာလျှင်ဖြစ်သည်။ အဖြေ(ဂ)

(က) ဖြတ်သန်းသွားလာသူတို့ကိုယ်တိုင်၊ (ခ) ကားမောင်းသူများ၊

(ဂ) ခြေကျင်လျှောက်သူများကိုယ်တိုင်၊ ယာဉ်မောင်းသူများနှင့် အခြားလမ်း အသုံးပြုသူများ၊

၆။ လူကူးမျဉ်းကြားအနီးရောက်ချိန်တွင် ရပ်တန့်ထားသော ကားတစ်စီးကို တွေ့ရသောအခါသင့်အနေဖြင့်- အဖြေ(က)

(က) အရှိန်လျှော့ကာ ရပ်ရန်ပြင်ပါ။ (ခ) အလျှင်အမြန် ကျော်တက်ပါ။

(ဂ) ထိုယာဉ်မောင်းထံ ရှေ့မီးကြီးထိုးလိုက်ပါ။

၇။ ခြေလျင်လျှောက်သူများတွင် မည်သည့်အသက်အရွယ်များက မတော်တဆ ထိခိုက်မှုအများဆုံး ဖြစ်နိုင်သနည်း။ အဖြေ(ဂ)

(က) ၁၅နှစ်အောက် အရွယ်များသာလျှင်၊

(ခ) ၁၆နှစ်နှင့် အသက်၅၀ကြား၊

(ဂ) ၁၅နှစ်အောက်အရွယ်များနှင့် အသက်၅၀အထက်များ၊

www.burmeseclassic.com

www.burmeseclassic.com


**၈။ ယာဉ်မောင်းနှင်ရာတွင် မလှမ်းမကမ်းရှိ လမ်းပေါ်၌ အသက်အရွယ် ကြီးရင့်သူတစ်ယောက် ဖြတ်သန်းနေသည်ကိုတွေ့လျှင် သင့်အနေဖြင့်- အဖြေ(ဂ)**

(က) အလျှင်အမြန်ရပ်ပါ။ (ခ) ထိုသူအား အမြန်လမ်းဖယ်ပေးရန် ဟွန်းတီးရမည်။

(ဂ) အရှိန်လျှော့ကာ လိုအပ်လျှင် ရပ်ပေးရမည်။

**၉။ ကလေးငယ်များရှိတတ်သော နေရာအနီးတဝိုက်တွင် မောင်းနှင်ရာ၌ အဘယ်အတွက်ကြောင့် ပိုမိုဂရုစိုက်ရသနည်း။ အဖြေ(က)**

(က) ကလေးငယ်များသည် ဖွတ်တရွက်လုပ်တတ်ပြီး ကားအရှိန်နှင့် အကွာအဝေးကို မချင့်ချိန်နိုင်သောကြောင့်ဖြစ်သည်။

(ခ) ကလေးများသည်၎င်းတို့၏အရပ်အမြင့်ကြောင့် ကြည့်ရှုရာတွင်ခက်ခဲသည်။

(ဂ) ကလေးများသည် လမ်းပေါ်တွင် မကြာခဏ ကစားလေ့ရှိသောကြောင့် ဖြစ်သည်။

**၁၀။ ယာဉ်ကြောကို ကျောပေးလျှောက်နေသူနှင့် နံကပ်လာပါက ထားရှိရမည့် လုံခြုံစိတ်ချရသောအကွာအဝေးမှာ....ရှိရမည်။ အဖြေ(က)**

(က) ၃ ပေ (၁ မီတာ)၊ (ခ) ၅ ပေ (၁.၅ မီတာ)၊ (ဂ) ၆ ပေ (၂ မီတာ)၊

**၁၁။ ခရီးသည်တစ်ယောက်သည် အသက်... ရှိသောကလေးတစ်ဦးသာ ၎င်း၏ပေါင်ပေါ်တွင် အခမဲ့တင်ဆောင်ခွင့်ရှိစေမည်။ အဖြေ(က)**

(က) ၃နှစ်နှင့် အောက်၊ (ခ) ၅နှစ်နှင့် အောက်၊ (ဂ) ၇နှစ်နှင့် အောက်၊

**၁၂။ အသက်... ရှိသူသည် ခရီးသည်တစ်ဦး၏ ယာဉ်စီးခန့်အပြည့်ပေးရမည်။ အဖြေ(ခ)**

(က) ၁၀နှစ်နှင့်အထက် (ခ) ၁၂နှစ်နှင့်အထက် (ဂ) ၈နှစ်နှင့်အထက်

**၁၃။ ယာဉ်မောင်းနေစဉ်အတွင်း လမ်းပေါ်ရှိ အခြားလမ်းအသုံးပြုသူများနှင့် အပြန်အလှန်ဆက်သွယ် လုပ်ဆောင်ရမည့်နည်းလမ်းမှာ- အဖြေ(ဂ)**

(က) အခြားလမ်းအသုံးပြုသူများ၏ လုပ်ဆောင်မှုနှင့် လိုက်လျောညီထွေစွာ အလိုက်သင့်ပြုမူဆောင်ရွက်ရန်။

(ခ) သင်လုပ်ဆောင်မည့်ရည်ရွယ်ချက်/အပြုအမူကို သိစေအောင်ပြုလုပ်ရန်၊

(ဂ) (က) နှင့် (ခ)တွင် ဖော်ပြထားချက်နှစ်ခုလုံး၊

**၁၄။ လူကူးမျဉ်းကြားတွင် မည်သူကို ဦးစားပေးရမည်နည်း။ အဖြေ(က)**

(က) လမ်းဖြတ်ကူးသူများ၊ (ခ) မော်တော်ယာဉ်များ

(ဂ) အရင်ရောက်သူများသာ၊

www.burmeseclassic.com

www.burmeseclassic.com



၁၅။ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများသည် အပြစ်ကျူးလွန်သောကြောင့် လမ်းဖြတ်သန်းသွားလာသူများတွင် မသတ်မှတ်ပါ။ ၎င်းတို့ကို လမ်းပေးရန်မလိုပါ။ အဖြေ(ခ)

(က) မှန်ပါသည်။ (ခ) မှားပါသည်။ (ဂ) အသက်အရွယ်ပေါ်မူတည်ပါသည်။

## (၂၇) ဖြတ်သန်းခြင်း

၁။ ဂိတ်စောင့်မရှိသောတံခါးမဲ့ရထားလမ်းသို့ ချဉ်းကပ်လာစဉ် ရထားလမ်းသို့ မရောက်မီအနည်းဆုံး– အဖြေ(ဂ)

(က) ၁၆ ပေ၊ (၄.၈ မီတာ)၊ (ခ) ၁၀ ပေ၊ (၃ မီတာ)၊

(ဂ) ၁၆ပေ ၆လက်မ၊ (၅မီတာ)အကွာအဝေးတွင်လမ်း၏လက်ယာဘက်သို့ ကပ်၍ယာဉ်ကိုရပ်ထားပြီး ရထားလာနေခြင်း ရှိ/မရှိကို ရထားလမ်း၏ တစ်ဖက်တစ်ချက်သို့ ကြည့်ရှုနားစွင့်ရမည်။

၂။ အန္တရာယ်ရှိသည့်နေရာသို့မရောက်မီမြို့အတွင်း၌မည်သည့်အကွာ အဝေးအတွင်းတွင် အန္တရာယ် သတိပေးလမ်းညွှန်ဆိုင်းဘုတ်များကို မြင်တွေ့ရမည်နည်း။ အဖြေ(ခ)

(က) ၅မီတာနှင့် ၁၀မီတာ (၁၆ပေ ၆လက်မ နှင့် ၃၃ပေ)၊

(ခ) ၅၀မီတာနှင့် ၁၀၀မီတာ (၁၆၅ပေ နှင့် ၃၃၀ပေ)၊

(ဂ) ၅၀၀မီတာနှင့် ၁၀၀၀မီတာ (၁၆၅၀ပေ နှင့် ၃၃၀၀ပေ)၊

၃။ ရထားလမ်းကူးနေရာရှိ ရပ်ရန်အမိန့်ပေးဆိုင်းဘုတ်နှင့် အချက်ပြမီးများအား အမြဲတမ်းလိုက်နာသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော်– အဖြေ(က)

(က)ရထားများသည်ထုထည်ကြီးမားပြီးအရှိန်များ၍ ချက်ချင်းရပ်တန့်ရန် မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။

(ခ) ခြေကျင်လျှောက်သူများ လမ်းဖြတ်ကူးလေ့ရှိသဖြင့် ဖြစ်ပါသည်။

(ဂ) ယာဉ်၏ ဘရိတ်ချွတ်ယွင်းတတ်သဖြင့် ဖြစ်ပါသည်။

## (၂၈) ယာဉ်ကြောအတိုင်းမောင်းခြင်း/ပြောင်းခြင်း

၁။ သင်မောင်းနေသောယာဉ်အား ယာဉ်ကြောပြောင်းလဲရာတွင် အရှိန်နှင့် အကွာအဝေးအား ခန့်မှန်းရန်ခက်ခဲသည့်ယာဉ်များမှာ– အဖြေ(ဂ)

(က) သင်၏ရှေ့ရှိယာဉ်များ၊ (ခ) သင်၏ဘေးရှိယာဉ်များ၊

(ဂ) သင်၏နောက်ရှိယာဉ်များ၊

www.burmeseclassic.com

www.burmeseclassic.com



**၂။ ယာဉ်ကြောပြောင်းပြီးနောက်–** **အဖြေ(ခ)**

(က) သင်၏ ကားမှန်ဆီသို့ ကြည့်ရန် သတိရပါ။

(ခ) အချက်ပြမီးကိုပိတ်ရန် သတိရပါ။ (ဂ) ချက်ချင်းအရှိန်တင်ရန် သတိရပါ။

**၃။ ယာဉ်ကြောပြောင်းရန် မှန်ကန်သော နည်းလမ်းမှာ–** **အဖြေ(ခ)**

(က) အရှိန်ကိုအမြန်တင်ပြီးနောက် ယာဉ်ကြောထဲသို့ အမြန်ပြောင်းမည်။

(ခ) အရှိန်ကိုတင်ပြီးနောက် ယာဉ်ကြောထဲသို့ ညင်သာစွာပြောင်းမည်။

(ဂ) အရှိန်ကိုလျှော့ပြီး ယာဉ်ကြောထဲသို့ ကွေ့ဝိုက်ပြီးပြောင်းမည်။

**၄။ မြို့၏နယ်နိမိတ်အတွင်း၌ နှစ်လမ်းမောင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ယာဉ်ကြော သုံးခုစီရှိပါက လက်ဝဲစွန်းယာဉ်ကြောတွင် တစ်နာရီလျှင် ... အထိ မောင်းနှင်ခွင့် ပြုသည်။** **အဖြေ(က)**

(က) ၄၀ မိုင်၊ (၆၄ ကီလိုမီတာ)၊ (ခ) ၃၀ မိုင်၊ (၄၈ ကီလိုမီတာ)၊

(ဂ) ၅၀ မိုင်၊ (၈၀ ကီလိုမီတာ)၊

**၅။ နှစ်လမ်းမောင်းလမ်းတွင် တစ်ဖက်တစ်ချက်၌ ယာဉ်ကြောနှစ်ခုစီနှင့် အထက်ရှိပါက အောက်ပါယာဉ်ကြောကို တတ်နိုင်သမျှ ဖွင့်၍မောင်းရမည်–** **အဖြေ(ခ)**

(က) လက်ယာစွန်းယာဉ်ကြော၊ (ခ) လက်ဝဲစွန်းယာဉ်ကြော၊ (ဂ) အလယ်ယာဉ်ကြော၊

**၆။ နှစ်လမ်းမောင်းလမ်းမပေါ်တွင် သင်မောင်းနှင်နေသော ယာဉ်ကြော၌ အတားအဆီးများ ရှိနေပါက သင့်အနေဖြင့်–** **အဖြေ(ခ)**

(က) ရှင်းသောယာဉ်ကြောပေါ်သို့ တတ်နိုင်သမျှ ဝင်မောင်းပါ။

(ခ) မျက်နှာချင်းဆိုင်မှ လာသောကားများကို ဦးစားပေးပါ။

(ဂ) သင်လမ်းမှန်အတိုင်း အလျှော့မပေးဘဲ မောင်းနှင်ပါ။

**၇။ ယာဉ်ကို ဖြည်းဖြည်းမောင်းနှင်လိုလျှင် အောက်ပါယာဉ်ကြောမှ မောင်းရမည်–** **အဖြေ(က)**

(က) လက်ယာဘက်ယာဉ်ကြော၊

(ခ) လက်ဝဲဘက်ယာဉ်ကြော၊ (ဂ) မည်သည့်ယာဉ်ကြောမဆို အဆင်ပြေပါသည်။

**၈။ ကျဉ်းမြောင်းသောလမ်းသို့ မမောင်းနှင်မီသင့်အနေဖြင့်–** **အဖြေ(ခ)**

(က) မသွားမီရပ်ပါ။

(ခ) သင်မောင်းနှင်လိုသော လမ်းကြောကို မြင်ကွင်းရှင်း၊ မရှင်းစစ်ဆေးပါ။

(ဂ) ဂီယာနံပါတ်(၁)ဖြင့် မောင်းနှင်ပါ။

www.burmeseclassic.com

www.burmeseclassic.com


**၉။ နှစ်လမ်းမောင်းလမ်းမတွင် ရပ်ထားသောကားတစ်စီးအနီးမှ ဖြတ်သန်းရာ၌–**

(က) မျက်နှာချင်းဆိုင်မှ လာသောယာဉ်များကို ဦးစားပေးပါ။ **အဖြေ(က)**

(ခ) သင့်ယာဉ်ကြော၏ ဘေးဘက်သို့ကပ်၍ ဆက်လက်မောင်းနှင်ပါ။

(ဂ) ဝင်ရောက်လာသောယာဉ်များကို သတိပေးရန် ရှေ့မီးများဖွင့်လိုက်ပါ။

**၁၀။ လမ်းမပေါ်တွင် ယာဉ်ကြောရှုပ်ထွေးနေရာ၌ မောင်းနှင်နေပါကသင့်အနေဖြင့်–အဖြေ(ဂ)**

(က) ယာဉ်ကြောရှုပ်ထွေးနေခြင်းကို ရှောင်ရှားနိုင်ရန် သင်၏ယာဉ်ကြောအတွင်းသို့ ဝင်မောင်းခြင်းနှင့် အပြင်သို့ထွက်မောင်းခြင်းကို တစ်လှည့်စီ ပြုလုပ်လိုက်ပါ။

(ခ) ယာဉ်ကြောရှုပ်ထွေးခြင်းကိုဖြတ်ကျော်နိုင်ရန် လမ်းပခုံးသားမှမောင်းနှင်ပါ။

(ဂ) မိမိလမ်းကြောအတွင်းတွင်သာ စိတ်ရှည်ရှည်ထား၍မောင်းပါ။

**၁၁။ ယာဉ်ကြောများစွာပါသောလမ်းများ၏ လက်ဝဲဘက်ယာဉ်ကြောများသည်–**

(က) ကျော်တက်ရန်နှင့် လက်ဝဲဘက်ကွေ့ရန်အတွက်၊ **အဖြေ(က)**

(ခ) အရှိန်ပြင်းပြင်းနှင့် မောင်းရန်အတွက်သာ၊

(ဂ) နှေးနှေးသွားနေသော ယာဉ်များအားလုံးအတွက်၊

**၁၂။ သင်သွားနေသည့် ယာဉ်ကြောသည်ပိတ်ဆို့နေပြီး သင့်ဘေးလမ်းပေါ်တွင် မောင်းနှင်လာနေသော ယာဉ်ရှိနေပါက သင်ဘာလုပ်ရမည်နည်း။ အဖြေ(ခ)**

(က) သင့်ကို လမ်းပေးရန် လာနေသော ယာဉ်ကိုအချက်ပြပါ။

(ခ) သတိနှင့် ရှေ့ဆက်မောင်းပြီး လိုအပ်လျှင်ရပ်ပါ။

(ဂ) အရှိန်မြှင့်ပြီး အခွင့်ရရင် ပိတ်ဆို့နေသည့်ကားများကို ကျော်တက်ပါ။

**၁၃။ လမ်းဆုံတည့်တည့် ဖြတ်မောင်းနေချိန်တွင် သင့်အနေဖြင့်– အဖြေ(ခ)**

(က) ရှေ့ဆက်မသွားမီ ရပ်ရမည့်မျဉ်းမှာရပ်ပါ။

(ခ) ရှေ့ဆက်မသွားမီအန္တရာယ်ကင်းကြောင်း သေချာရန် ဘယ်ရောညာရော ကြည့်ပါ။

(ဂ) ရှေ့ကိုကြည့်ပါ။

**၁၄။ ဖြည်းဖြည်းသွားနေသော ယာဉ်ကြောထဲသို့ ဝင်လိုက်ထွက်လိုက် မောင်းနေခြင်းသည်–**

(က) ယာဉ်ကြောပိတ်ဆို့မှုကို အဆင်ပြေစေရန် ကူညီပေးသည်။ အဖြေ(ဂ)

(ခ) ကျွမ်းကျင်သောယာဉ်မောင်းများအတွက် အဆင်ပြေသည်။

(ဂ) အခြားလမ်းအသုံးပြုသူများကို အန္တရာယ်ဖြစ်စေသည်။

**၁၅။ ယာဉ်ကြောကျပ်တည်း ပိတ်ဆို့နေချိန်တွင် မည်သည့်ပြုမူချက်သည် မှားသနည်း။**

(က) ဟွန်းသံမပေးရ။ **အဖြေ(ခ)**

(ခ) အချိန်မကုန်စေရန် ယာဉ်ကြော၏ အတွင်းအပြင် တစ်လှည့်စီမောင်းပါ။

(ဂ) ယာဉ်ကြောအတွင်းမှာပင် စိတ်ရှည်ရှည်ဖြင့် မောင်းနှင်ပါ။

www.burmeseclassic.com

www.burmeseclassic.com


**၁၆။ (FREE WAY) အမြန်သွားခွင့်ပြုထားသည့်လမ်းကြောမှ ယာဉ်ကြောအတွင်းသို့ထဝင်ရောက်မည်ဆိုပါက သတိပြုရမည့်အချက်မှာ.... ဖြစ်သည်။ အဖြေ(က)**

(က) ယာဉ်၏အရှိန်၊ (ခ) မီတာဆီလက်ကျန်၊ (ဂ) ရှေ့လေကာမှန်ရေယက်တံများ၊

**၁၇။ ဗဟိုစွာအား သက်ရောက်မှုသည် ..... အကျုံးဝင်သည်။ အဖြေ(ဂ)**

(က) ယာဉ်များသာလျှင်၊ (ခ) လေးလံသောယာဉ်များသာလျှင်၊

(ဂ) ယာဉ်အမျိုးအစားအားလုံး၊

**၁၈။ ယာဉ်ကြောကျပ်တည်းနေစဉ် ယာဉ်ကြောထဲသို့ ဝင်လိုက်၊ ထွက်လိုက် မောင်းနေခြင်းသည်-**

(က) ယာဉ်ကြောပိတ်ဆို့မှုကို အဆင်ပြေစေရန် ကူညီပေးသည်။ **အဖြေ(ဂ)**

(ခ) ကျွမ်းကျင်သော ယာဉ်မောင်းများအတွက် အဆင်ပြေသည်။

(ဂ) အခြားလမ်းအသုံးပြုသူများကို အန္တရာယ်ဖြစ်သည့်အပြင် ယာဉ်ကြောပိတ်ဆို့စေသည်။

**၁၉။ လမ်းပေါ်တွင် ယာဉ်ကြောများကို ပြသသည့် အလျားလိုက်မျဉ်းဖြူများ မရှိပါက-**

(က) လက်ယာဘက်သို့ တတ်နိုင်သမျှ ကပ်၍မောင်းရမည်။ **အဖြေ(က)**

(ခ) မိမိလမ်းဘက်အခြမ်း မည်သည့်နေရာတွင်မဆို မောင်းနှင်နိုင်သည်။

(ဂ) လမ်း၏အလယ်ဗဟိုကိုယူ၍ မောင်းရမည်။

**၂၀။ သင်သည် ယာဉ်ကြောအများပေါ်တွင်ရောက်နေပြီး သင်သွားလိုသော ယာဉ်ကြောဆီသို့ရောက်ရန် မတွေ့နိုင်ပါက သင်ဘာလုပ်မည်နည်း။ အဖြေ(ဂ)**

(က) နေရာလပ်ထဲသို့ ဖျတ်လတ်စွာကွေ့ပြီး လမ်းကြောင်းမှန်ထဲတွင် အံကိုက် နေရာယူပါ။

(ခ) ရပ်ပြီး အခြားယာဉ်များကို လမ်းပေးရန် အချက်ပြပါ။

(ဂ) နောက်ထပ်လမ်းအကွေ့ဆီသို့ ရှေ့ဆက်သွားပါ။

**၂၁။ ယာဉ်ကြောကျပ်တည်းပိတ်ဆို့နေချိန်တွင်၊ မည်သည့်ပြုမူချက်သည်မှား သနည်း။**

(က) ဟွန်းသံမပေးရ။ **အဖြေ(ခ)**

(ခ) အချိန်မကုန်စေရန် ယာဉ်ကြော၏အတွင်းအပြင် တစ်လှည့်စီမောင်းပါ။

(ဂ) လမ်းကြောအတွင်းမှာပင်ရှိနေပါ။

**၂၂။ လမ်းပေါ်တွင်ယာဉ်ကြောကျပ်တည်းပိတ်ဆို့နေသည်။ သင်လုပ်ရမည်မှာ- အဖြေ(က)**

(က) မိမိယာဉ်ကြောမှာပင် ရှေ့နောက်တန်းစီမောင်းပါ။

(ခ) အခွင့်အရေးရှိလျှင် လမ်းကြောပြောင်းလိုက်ပါ။

(ဂ) သင်သည် ကျွမ်းကျင်သောယာဉ်မောင်းဖြစ်ပါက ကျော်တက်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**၂၃။ အခြားယာဉ်တစ်စီးသည် သင့်ယာဉ်နောက်မှ နီးကပ်စွာလိုက်နေပါက ဘယ်အနေဖြင့်–**

(က) သူ့ကိုသတိပေးရန် ဘရိတ်ကို နင်းလိုက် လွှတ်လိုက်လုပ်ပါ။ **အဖြေ(ခ)**

(ခ) အရှိန်လျှော့ချပြီး နောက်မှယာဉ်အား ကျော်တက်ခွင့်ပေးလိုက်ပါ။

(ဂ) နောက်မှယာဉ်လိုက်မမှီရန် အရှိန်မြှင့်မောင်းပါ။

**၂၄။ ရှေ့မှဘတ်စ်ကားသည် သင့်ယာဉ်ရှေ့တွင် ရပ်လိုက်ပါက–** **အဖြေ(ဂ)**

(က) လိုက်ရပ်ပါ၊ ဟွန်းတီးလိုက်ပါ။ (ခ) ချက်ချင်းကျော်တက်လိုက်ပါ။

(ဂ) အရှိန်လျှော့ပါ၊ သင်လည်းရပ်ရန် ပြင်ဆင်ပါ။

**၂၅။ အောက်ပါနေရာများတွင် "ဂ"တွေ့ တွေ့နိုင်သည်–** **အဖြေ(ဂ)**

(က) လမ်းအလယ်တွင် အလျားလိုက်တစ်ဆက်တည်း ရေးဆွဲထားသော မျဉ်းဖြူ/ မျဉ်းဝါတစ်ကြောင်း (သို့မဟုတ်) နှစ်ကြောင်းရှိသောလမ်း၊

(ခ) လမ်းဆုံးလမ်းခွ၊ (ဂ) လမ်းအလယ်တွင် မျဉ်းပြတ်ရေးဆွဲထားသောနေရာ၊

**၂၆။ သင်သည် မည်သည့်အချိန်မှာ အခြားယာဉ်နောက်မှ နီးကပ်စွာလိုက်နိုင်သနည်း။**

(က) သင့်ရှေ့ရှိယာဉ်သည် သင့်ယာဉ်နှင့်တူညီသော အရှိန်နှင့်သွားနေစဉ်၊ **အဖြေ(ဂ)**

(ခ) သင့်ရှေ့ရှိယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေစဉ်၊

(ဂ) မည်သည့်အချိန်တွင်မဆို၊

**၂၇။ ကားကြီး၏ နောက်တွင်ကပ်လျက် မောင်းနှင်ခြင်းသည်–** **အဖြေ(က)**

(က) သင်၏ရှေ့ရှိလမ်းမကို မမြင်ရအောင် တားဆီးထားသောကြောင့် မမောင်းသင့်ပါ။

(ခ) သင်သတိရှိနေသ၍ အဆင်ပြေပါသည်။

(ဂ) သင်၏လှုပ်ရှားမှုများ မြန်ဆန်နေပါက အဆင်ပြေပါသည်။

**၂၈။ သင်သည် တစ်နာရီလျှင် ၄၈ကီလိုမီတာ(၃၀)မိုင် အမြန်နှုန်းအတိုင်းမောင်း နေလျှင် သင့်ယာဉ်နှင့် သင့်ရှေ့ရှိယာဉ်၏ကြားတွင် ဘယ်လောက်အကွာ အဝေးရှိရမည်နည်း။**

(က) ၉၀ ပေ၊ (၂၇ မီတာ)၊ **အဖြေ(က)**

(ခ) ၁၀၀ ပေ၊ (၃၀ မီတာ)၊ (ဂ) ၁၂၀ ပေ၊ (၃၆ မီတာ)၊

**၂၉။ နောက်မှလိုက်ရာတွင် အန္တရာယ်ကင်းသောအကွာအဝေးကိုဖြစ်စေရန် ယာဉ်နှစ်စီး အကြားရှိရမည့်အချိန်အကန့်အသတ်မည်မျှနည်း။** **အဖြေ(ခ)**

(က) အနည်းဆုံးနှစ်စက္ကန့်၊ (ခ) လေးစက္ကန့်၊

(ဂ) အချိန်ကန့်သတ်မှုမရှိပါ။ အခြေအနေပေါ်တွင် မူတည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


၁၀။ သင့်ရှေ့ရှိလော်ရီကားတစ်စီးသည် လက်ယာဘက်သို့ ချိုးကွေ့ရန် အချက်ပြပြီးနောက် ချက်ချင်းပင် လက်ဝဲဘက်သို့ အနည်းငယ်ဦးတည်လိုက်ခြင်းသည် ၎င်းအနေဖြင့်– အဖြေ(ခ)

(က) လမ်းပြောင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

(ခ) နေရာယူ၍ လက်ယာဘက်သို့ကွေ့ရန်ဖြစ်သည်။

(ဂ) မှားယွင်း၍ ကွေ့ခြင်းဖြစ်သည်။

၁၁။ သင်၏ရှေ့တွင်ရှိ ဘတ်စ်ကားတစ်စီးသည် လက်ဝဲဘက်သို့ ချိုးကွေ့ရန် အချက်ပြ၍ ရုတ်တရက်လက်ယာဘက်သို့ နေရာပြောင်းယူချိန်တွင် သင့်အနေဖြင့်– အဖြေ(ခ)

(က) အရှိန်မြှင့်၍ ညာဘက်မှ ကျော်တက်လိုက်ပါ။

(ခ) အရှိန်လျှော့၍ ရှေ့ကားကွေ့ပြီးချိန်ထိ စောင့်လိုက်ပါ။

(ဂ) အရှိန်မြှင့်၍ ဘယ်ဘက်(သို့)ညာဘက်မှ ကျော်တက်လိုက်ပါ။

၁၂။ သင့်ယာဉ်နောက်ပိုင်း လမ်းချော်သွားလျှင် – အဖြေ(ခ)

(က) လမ်းချော်သည့်ဘက်နှင့် ဆန့်ကျင်ရာဘက်သို့ စတီယာရင်လှည့်ပါ။

(ခ) လမ်းချော်ရာဘက်သို့ စတီယာရင်လှည့်ပါ။

(ဂ) စတီယာရင်ဘီးကို ခိုင်မြဲစွာကိုင်ပြီး ဘရိတ်ကို ဆောင့်နင်းပါ။

၁၃။ ရှေ့မှသွားနေသောယာဉ်၏ နောက်ပိုင်းကို ဝင်မတိုက်မိစေရန် သင့်ရှေ့ရှိယာဉ်၏ ...အကွာမှ မောင်းနှင်ခြင်းဖြင့် တိုက်မိခြင်းကို လျှော့နည်းစေပါသည်။ အဖြေ(က)

(က) အနည်းဆုံးလေးစက္ကန့်၊

(ခ) ငါးစက္ကန့်၊

(ဂ) အချိန်ကန့်သတ်မှုမရှိပါ။ အခြေအနေပေါ်တွင်မူတည်ပါသည်။

၁၄။ ယာဉ်ကြောပြောင်းသောအခါ သင့်အနေဖြင့် – အဖြေ(ဂ)

(က) အမြဲတမ်းအရှိန်မြှင့်ပါ။

(ခ) အမြဲတမ်းအရှိန်လျှော့ပါ။

(ဂ) ယာဉ်ကြောအနေအထားပေါ်မူတည်၍ အရှိန်မြှင့် (သို့မဟုတ်) အရှိန်လျှော့ပါ။

၁၅။ မော်တော်ယာဉ်ပျက်စီးချို့ယွင်းမှုတစ်စုံတစ်ရာဖြစ်ပါက ယာဉ်ကိုကြိုး (သို့) ဆွဲတံဖြင့် ဆွဲရမည့် အကွာအဝေးသည် .... ထက်မပိုစေရပါ။ အဖြေ(က)

(က) ၁၂ပေ၊ (၃.၆မီတာ)၊ (ခ) ၁၅ပေ၊ (၄.၅မီတာ)၊

(ဂ) ၁၈ပေ၊ (၅.၄မီတာ)၊

www.burmeseclassic.com

www.burmeseclassic.com



**၃၆။ သင့်ယာဉ်နှင့်သင့်ရှေ့ရှိ ယာဉ်၏ အကြားရှိရမည့် အကွာအဝေးအနအထားသည်–**
**အဖြေ(က)**

(က) တစ်နာရီလျှင် (၁၆)ကီလိုမီတာအရှိန်ဖြင့်သွားနေသောယာဉ်အတွက် အနည်းဆုံးကား တစ်စီးအရှည်စာ အကွာအဝေး၊

(ခ) တစ်နာရီလျှင်(၂၀)ကီလိုမီတာအရှိန်ဖြင့်သွားနေသောယာဉ်အတွက် ကားတစ်စီး၏ တစ်ဝက်စာ အရှည်အကွာအဝေး၊

(ဂ) အရှိန်ကို ထည့်မတွက်ရဘဲ ကားတစ်စီးစာအရှည်အကွာအဝေး၊

**၃၇။ စက်ဘီးစီးသူသည် နောက်သို့လှည့်ကြည့်ပါက သူ့အနေဖြင့်–** **အဖြေ(ဂ)**

(က) ကျော်တက်ဖို့ရန်ဖြစ်သည်။

(ခ) သူ၏ စက်ဘီးကို ရပ်ဖို့ရန်ဖြစ်သည်။

(ဂ) အချိန်မရွေး ဦးတည်းချက်ပြောင်းရန်ဖြစ်သည်။

**၃၈။ သင်နှစ်လမ်းမောင်းလမ်းပေါ်တွင် ယာဉ်မောင်းနေစဉ် သင့်ရှေ့၌ရှိသော ဆိုင်ကယ်စီးသူ သည် လက်ဝဲဘက်ချိုးကွေ့ရန် အချက်ပြပါက သင့်အနေဖြင့် –** **အဖြေ(ခ)**

(က) ယာဉ်မောင်း၏ ဘယ်ဘက်မှ ကျော်မောင်းလိုက်ပါ။

(ခ) အရှိန်လျှော့ကာ လိုအပ်လျှင်ရပ်၍ ဆိုင်းကယ်စီးသူအား ကွေ့ခွင့်ပြုလိုက်ပါ။

(ဂ) ဟွန်းသံပေး၍ ညာဘက်မှ ကျော်တက်လိုက်ပါ။

**၃၉။ ယာဉ်ကြောမပြောင်းခင် သင်ဘာလုပ်သင့်သလဲ၊** **အဖြေ(ဂ)**

(က) ကားမှန်များမှ မြင်ရသော မြင်ကွင်းများ၊ မျက်ကွယ်နေရာများကိုကြည့်ပြီးမှ အချက်ပြပါ။

(ခ) ကားမှန်များမှ မမြင်ရသောမြင်ကွင်းများကိုကြည့်ပြီး အချက်ပြပါ။ ထို့နောက် မျက်ကွယ် နေရာများကို စစ်ဆေးပါ။

(ဂ) အချက်ပြပါ။ ထို့နောက်ကားမှန်များမှ မြင်ရသောမြင်ကွင်းများနှင့် မျက်ကွယ်နေရာများကို စစ်ဆေးပါ။

**၄၀။ ကားကို လက်ဝဲဘက်သို့ကွေ့ရန်ညွှန်ပြပြီးသော်လည်း ရှေ့၌စက်ဘီးစီးသူ တစ်ယောက် ရှိနေပါက ကားမောင်းသူအနေဖြင့်–** **အဖြေ(ဂ)**

(က) စက်ဘီးစီးသူကို အမြန်ကျော်တက်ပြီးကွေ့ပါ။

(ခ) လမ်းရရန် စက်ဘီးစီးသူကို ဟွန်းသံပေးပါ။

(ဂ) ကွေ့ရန်ရှေ့ဆက်မသွားမီ စက်ဘီးစီးသူကွေ့ပြီးချိန်ကိုစောင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**၄၁။ အခြားယာဉ်နောက်မှ နီးကပ်စွာလိုက်ခြင်းကြောင့် နောက်ထပ်ရရှိမည့် အန္တရာယ်တစ်ခုသည်–** **အဖြေ(ခ)**

(က) ကားနောက်မီးအလင်းရောင်၏ စူးရှမှုကြောင့် ခဏတာမျှမျက်စိပြာခြင်းဖြစ်သည်။

(ခ) နောက်မှကပ်လိုက်မှုကြောင့် တုန့်ပြန်ဆောင်ရွက်ရန် အချိန်မရှိခြင်းဖြစ်သည်။

(ဂ) ဂိတ်တံခါးပွင့်ချိန်တွင် ယာဉ်ကို ထိခိုက်ပျက်စီးစေနိုင်သည်။

**၄၂။ သာမန်အခြေအနေတစ်ရပ်တွင် မည်သည့်ယာဉ်၏နောက်မှ မည်သည့်အရှိန်နှင့်လိုက်သည်ဖြစ်စေ ရှေ့ယာဉ်နှင့် ............၍ လိုက်ရမည်။** **အဖြေ(က)**

(က) အနည်းဆုံး (၄)စက္ကန့်စာ ခွာ၊

(ခ) တတ်နိုင်သမျှ ကပ်၊

(ဂ) အနည်းဆုံး (၁)စက္ကန့်စာ ခွာ၊

**၄၃။ ကလစ်တစ်ဝက်နင်းခြင်းကို အချိန်ကြာကြာမထိန်းထားသင့်ပါ။ အဘယ့်ကြောင့်နည်း။** **အဖြေ(ခ)**

(က) ကလပ်မီးလောင်တတ်သောကြောင့်၊

(ခ) ကလပ်အလွယ်တကူပျက်စီးတတ်သောကြောင့်၊

(ဂ) ကလပ်အလုပ်မလုပ်နိုင်ဘဲဖြစ်တတ်သောကြောင့်၊

**၄၄။ အခြားယာဉ်နောက်မှနီးကပ်စွာလိုက်ခြင်းသည်...အန္တရာယ်ရှိသည်၊** **အဖြေ(က)**

(က) သင်၏ မြင်ကွင်းနှင့် မြင်နိုင်သောအကွာအဝေးကို ပိတ်ဆို့ခံထားသောကြောင့်၊

(ခ) အိပ်ဇောမှမီးခိုးငွေ့ကိုရှူသွင်းမိခြင်းသည် သင်၏ကျန်းမာရေးကို ထိခိုက်စေသောကြောင့်၊

(ဂ) ကျွမ်းကျင်သောယာဉ်မောင်းသူမှသာ ကောင်းကောင်းကိုင်တွယ်နိုင်သောကြောင့်၊

www.burmeseclassic.com

www.burmeseclassic.com

# တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ



| | | | | |
|---|---|---|---|---|
| လက်တွန်းလှည်း/လက်ဆွဲလှည်း မဝင်ရ | ထရက်တာ(လယ်ထွန်စက်) မဝင်ရ | မော်တော်ယာဉ်များ မဝင်ရ | မော်တော်ကား မဝင်ရ | မော်တော်ဆိုင်ကယ် မဝင်ရ |



| | | | | |
|---|---|---|---|---|
| လက်ဝဲမကွေ့ရ | လက်ယာမကွေ့ရ | 'ဝ'ကွေ့ မကွေ့ရ | ၃တန်ကျော် တုန်တင်ယာဉ် မဝင်ရ | နောက်တွဲပါယာဉ် မဝင်ရ |




| | | | | |
|---|---|---|---|---|
| ဟွန်းမတီးရ | ကျော်မတက်ရ | အမြန်နှုန်းကန့်သတ်ချက် (ပိုမမောင်းရ) | အမြင့်( )ကျော်ယာဉ် မဝင်ရ | အနှေးယာဉ်များ ဆိုတာက ကုန်တင်ယာဉ်များမဝင်ရ ([illegible]) |




| | | | | |
|---|---|---|---|---|
| တုန်နှင့်ယာဉ် ( )တန်ကျော် မဝင်ရ | အလျား( ) ကျော်ယာဉ်မဝင်ရ | အနံ( )ကျော်ယာဉ် မဝင်ရ | စက်ဘီးမဝင်ရ | တိရစ္ဆာန်ဆွဲယာဉ် မဝင်ရ |




| | | | | |
|---|---|---|---|---|
| ရှေ့တွင်ဆုံမည့် ယာဉ်ကြောများကို ဦးစားပေးရန် | မည်သည့်ယာဉ်မှ မဝင်ရ | ရပ်ရန် | မရပ်နားရ (ကြာကြာ မရပ်ဆိုင်းရ) | မဆိုင်းရ မရပ်နားရ (မဆိုင်းရ မနားရ မရပ်ရ) |

BURMESE CLASSIC

# အမိန့်ပေးလမ်းညွှန်များ




| | | | | |
|---|---|---|---|---|
| လက်ဝဲဘက်သို့ ကွေ့ရမည် | လက်ယာဘက်သို့ ကွေ့ရမည် | ရှေ့တည့်တည့်သို့ ကွေ့ရမည် | အဝိုင်းပတ်တွင် လက်ယာဘက်မှစတင်မောင်းရမည် | သတ်မှတ်သည့်အမြန်နှုန်းထက် လျှော့မမောင်းရ |




| | | | | |
|---|---|---|---|---|
| ရှေ့တည့်တည့် သို့မဟုတ် လက်ဝဲဘက်သို့ ကွေ့သွားရမည် | ရှေ့တည့်တည့် သို့မဟုတ် လက်ယာဘက်သို့ ကွေ့သွားရမည် | မြားပြရာဘက်သို့ သွားရမည် | ခြေကျင်လျှောက်သူများ အတွက်လမ်းကြောင်းကူးရန်နေရာကို ညွှန်ပြသည့်ဆိုင်းဘုတ် | လမ်းအသုံးပြုသူများအတွက် အသုံးဝင်သည့်နေရာများကို ညွှန်ပြသည့်ဆိုင်းဘုတ် |


# လမ်းဆုံးကို ညွှန်ပြသည့် ဆိုင်းဘုတ်များ





အမြန်လမ်းမကြီးအစ

# တစ်လမ်းမောင်းဖြစ်ကြောင်း ညွှန်ပြသည့်ဆိုင်းဘုတ်များ





အမြန်လမ်းမကြီးအဆုံး

www.burmeseclassic.com

www.burmeseclassic.com




အလယ်မျဉ်းပြတ်



အလယ်မျဉ်း




အလယ်မျဉ်းပြိုင်နှစ်ကြောင်း




နှစ်လမ်းမောင်း

တစ်လမ်းမောင်း



ယာဉ်ကြောများကိုသတ်မှတ်သည့် အလျားလိုက်မျဉ်းဖြူ အမှတ်အသားများ




တန့်လန့်ဖြတ် ရပ်မျဉ်းဖြူ အမှတ်အသားများ




လမ်းပေါ်တွင်ညွှန်ပြသည့် မြားပုံအမှတ်အသားများ

www.burmeseclassic.com


www.burmeseclassic.com



လူကူးမျဉ်းကျားအဝါ



လူကူးမျဉ်းဝါများ



လူကူးမျဉ်းဝါများ


လမ်းအလျားလိုက်ကျွန်း


မျဉ်းဝါပြတ် ဘတ်စ်ကားမှတ်တိုင်နေရာ အမှတ်အသားများ


လမ်းခွဲကျွန်းများ



မျဉ်းဝါပြတ် ဘတ်စ်ကားမှတ်တိုင်နေရာ အမှတ်အသားများ



အဖြူ/အနီ လမ်းဘေးကပ်တုံးများ


အဝါ/အနက် လမ်းဘေးကပ်တုံးများ


အဖြူ/အနီကျား လမ်းဘေးတိုင်များ













သတိပေးရောင်ပြန်ပြားများ

ဤဦးစီးဌာန၏ အဓိကရည်မှန်းချက်တာဝန်မှာ
ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဖြစ်သည်။

www.burmeseclassic.com